ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တင်တည်ဆောက်မှု တိုင်းမှူးကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၄ နာရီတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင် တည်ဆောက်ရေး လုပ်ငန်းဖြစ်သည့် Education Zone တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး Education Zone အတွင်း အဆင့်မြင့်စားသောက်ဆိုင်များ တည်ဆောက်မည့် မြေနေရာရွေးချယ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေ၊ Wood Land Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ ■

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရ-က-တ)

ယနေ့ထုတ်စောင်ရေ ၂၀၂၂၇၆

၂၀၀၂ခုနှစ်အမျိုးသားစာပေဆုများထုတ်ပြန်ကြေညာ စာဆိုတော်နေ့အကြိုနေ့တွင်ဆုချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆု ချီးမြှင့်ရွေးချယ်ခြင်းခံရသော စာအုပ်များ၊ စာရေးဆရာများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန် ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် မစန္ဒာ၏ 'ဆဋ္ဌဂံ'၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် သန်းမြင့်အောင်၏ 'သဏ္ဍာန်မဲ့ ထုထည်ဝတ္ထုတိုစု'၊ ကဗျာပေါင်းချုပ်ဆုတွင် ဇော်မင်းမင်းဦး၏ 'ပထမဆုကဗျာများ'၊ စာပဒေသာဆုတွင် မောင်ခင်မင်(ဓနုဖြူ)၏ 'နှစ်လေးဆယ်ဘဝမှတ်တိုင်များ'၊ ကလေးစာပေဆုတွင် မင်းရွှေမင်း(အင်းစိန်)၏ 'မောင်လူမွှေးနဲ့ မပန်းမှုန် ကလေးကဗျာများ'၊ လူငယ်စာပေဆုတွင် ရေနံမြေမောင်မောင်ကြည်၏ 'ပန်းပွင့်ကလေးများ မွှေးပါသည် လက်ရွေးစင်လူငယ် ဝတ္ထုတိုများ'၊ ဘာသာပြန်(သုတ)ဆုတွင် ဟိန်းလတ်၏ 'တတိယကမ္ဘာမှ ပထမကမ္ဘာသို့'၊ ဘာသာပြန်(ရသ)ဆုတွင် နတ်နွယ်၏ 'ကာရာမာဇော့ ညီအစ်ကိုများ'၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် မကြန်၏ 'သမိုင်းရှာပုံတော်ခရီးနှင့်

စာမျက်နှာ ၁၃ ကော်လံ ၃ ▼

မကွေးတိုင်းမြို့သစ်မြို့နယ်တွင် စိုက်ပျိုးမြေကေ တစ်သောင်းကျော်ကို ရေပေးဝေလျက်ရှိသည့် ဆဒ္ဒန်ရေလှောင်တမံ။ [ခင်မောင်သန်း(စက်မှု)၊ စာ - ၁၁]

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

30-10 mmal 1 3/24/05, 11:09 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

ဓာတုဗီဇပစ္စည်းနှင့်ဓာတ်ရောင်ခြည်မှတစ်ဆင့် အဆိပ်သင့်မှုကာကွယ်ရေး ကျန်းမာရေးအသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကို အခြေပြုပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံသူ နိုင်ငံသားများ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်စွမ်းဆောင်နိုင်ရန် ပြည်သူများ၏ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို အခြေခံအကျဆုံးအမျိုးသားရေးလိုအပ်ချက်တစ်ရပ်အဖြစ် နိုင်ငံတော်က အလေးထားပံ့ပိုးဖြည့်ဆည်းပေးနေသည်။

သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ပြောင်းလဲနေသည့် ယနေ့အချိန်အခါတွင် ပြည်သူများအတွက် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန် ခေတ်မီတိုးတက်သည့် ကျန်းမာရေးဆိုင်ရာနည်းပညာများ၊ ရောဂါရှာဖွေရေးနှင့်ကုသရေးခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများကို ခေတ်နှင့်လျော်ညီစွာ တိုးတက်အသုံးပြုနိုင်စေရန် နိုင်ငံတော် အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူတိုးပွားဖြစ်ပွားလာသည့် ဆန်းပြားသောရောဂါဘယများ၏ ဘေးအန္တရာယ်မှ ပြည်သူများကိုထိရောက်စွာ အကာအကွယ်ပေးနိုင်စေရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးနေသည်။

- **အဆိပ်သင့်နိုင်သည့် အန္တရာယ်များကာကွယ်ရေးဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း ဖြန့်ဖြူးပေးရန်၊**
- **အရေးပေါ် အဆိပ်သင့်မှုများဖြစ်လာလျှင် ပြုစုဆောင်ရွက်ရမည့် နည်းလမ်းများကို ပြည်သူလူထုအား အသိပညာပေးရန်၊**
- **အဆိပ်အန္တရာယ်ဖြစ်ပွားနိုင်ခြေများကို စဉ်ဆက်မပြတ် စူးစမ်းထောက်လှမ်းရန်၊**
- **အဆိပ်အန္တရာယ်ခံစားနေရသူများကို ထိရောက်သော ကုသမှုပေးနိုင်ရေးအတွက် နည်းပညာများကို ကျန်းမာရေးဝန်ထမ်းများအား ဖြန့်ဖြူးရန်၊**
- **အဆိပ်အန္တရာယ်နှင့်ပတ်သက်၍ သုတေသနပြုလုပ်ရန်နှင့်တွေ့ရှိချက်များ လက်တွေ့အသုံးချနိုင်သည်အထိ စီမံဆောင်ရွက်ရန်၊**
- **ပြည်တွင်းပြည်ပ ပညာရှင်အချင်းချင်းဆက်သွယ်ပြီး အတွေ့အကြုံနှင့် သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဖလှယ်ခြင်းတို့ကိုဆောင်ရွက်ရန်**

ဟူသည့် ရည်ရွယ်ချက်များဖြင့် အောက်တိုဘာလ ၁၈ ရက်နေ့က နိုင်ငံတကာအဆင့်မီ အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာန (National Poison Control Centre) ကို ဖွင့်လှစ်ပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာန ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး မိန့်ခွန်းပြောကြားရာတွင်–

"ခေတ်နှင့်အညီ တိုးတက်တွေ့ရှိနေရသည့် ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအခြေအနေကို အမြဲဆန်းစစ်ပြီး ခေတ်မီဆန်းသစ်မှုများနှင့် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာနကို ထူထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း"

ပြောကြားသွားသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုမရှိသေးသော်လည်း နိုင်ငံတကာ၌ ကျယ်ပြန့်စွာ တိုးပွားလာနေသည့် အဆိပ်သင့်မှုအန္တရာယ်များမှ နိုင်ငံသူနိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ပေးနိုင်စေမည့် အခြေခံကောင်းတစ်ရပ်ကို နိုင်ငံတော်အစိုးရက ကြိုတင်ကာကွယ်တည်ဆောက်ပေးခြင်းပင် ဖြစ်သည်။

ယနေ့အချိန်အခါတွင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် ဓာတုပစ္စည်း၊ ဇီဝပစ္စည်း၊ ဓာတ်ငွေ့နှင့်ဓာတ်ရောင်ခြည်အမျိုးမျိုးကို အသုံးပြုပြီးဆေးဝါးများ၊ အစားအစာများ၊ လယ်ယာနှင့်စက်မှုကုန်ကြမ်းများ၊ လူသုံးကုန်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နေသဖြင့် ယင်းဓာတု၊ ဇီဝနှင့်ဓာတ်ရောင်ခြည်များကတစ်ဆင့် အဆိပ်သင့်မှုများဖြစ်ပေါ်နိုင်သည့် အခြေအနေများ ကြုံတွေ့နေရပေသည်။

ထို့ပြင် ဓာတုပစ္စည်း၊ ဇီဝပစ္စည်းများကို အသုံးပြုပြီး အကြမ်းဖက်မှုများလည်း ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပွားခဲ့သဖြင့် အဆိပ်ထိန်းချုပ်မှု၊ လေ့လာစောင့်ကြည့်မှုလုပ်ငန်းများသည် ပြည်သူလူထုအပေါ် ဘေးအန္တရာယ် မကျရောက်စေရေးအတွက် မရှိမဖြစ်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်လာသည်။

သို့ဖြစ်ရာ ဓာတု၊ ဇီဝပစ္စည်းနှင့်ဓာတ်ရောင်ခြည်များကတစ်ဆင့် အဆိပ်သင့်မှုများကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပြည်သူများအတွင်း ကျန်းမာရေးအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် အောက်တိုဘာ ၂၅ရက်တွင် ပန်းတနော်မြို့ရှိ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခန်းမ၌ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြန်မာ့အသေးစားချေးငွေဌာနရှိ အမှုထမ်း၊ အရာထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ပုသိမ်မြို့သို့ရောက်ရှိ၍ မြန်မာ့စီးပွားရေးဘဏ် တိုင်းရုံးချုပ် အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းအတွင်းရှိ ဝန်ကြီးဌာနမှ အမှုထမ်း အရာထမ်းများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းအတွင်းရှိဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပုသိမ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ် တိုင်းရုံးချုပ်၊ မြန်မာ့အာမခံလုပ်ငန်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန (တိုင်းရုံး)တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာသက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်း ပြသကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ စစ်ခရာသင်တန်းအမှတ်စဉ် ၄/၂၀၀၃ ဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်စား ခရိုင်ရဲမှူး (ဦးစီး) ရဲမှူး လှလှသန်းက သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။

(ဝ၄၆)

ဝါပအဘိဓမ္မာ သင်တန်းများပို့ချမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ဝါပအဘိဓမ္မာသင်တန်းများကို ဆူးလေစေတီတော်ရင်ပြင်ရှိ သင်တန်းခန်းမတွင်ဆရာကြီးဦးအုံ့မောင် (သ၊ စ၊ အ၊ ဓမ္မာစရိယ၊ အမ်အေ–ဘုံဘော) က အဘိဓမ္မာ (သဘော–အဓိပ္ပာယ်)ကို နိုဝင်ဘာ ၁၀ ရက်မှစ၍ (စနေ၊ တနင်္ဂနွေမှအပ) နေ့စဉ် ညနေ ၄:၃၀ မှ ၅:၃၀ နာရီအထိ ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်ရာ ဆူးလေစေတီတော်ရင်ပြင် အသင်းတိုက်တွင် လည်းကောင်း၊ ဖုန်း–၃၇၈၄၅၇ သို့ လည်းကောင်း၊ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

(၁၇၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဆုမဲ ၂၀၁၁၂ ဆု ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၉

(၁၇၈)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို နိုဝင်ဘာ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲအမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၁၇၈)ကြိမ်မြောက်တွင် အက္ခရာ ၃၆လုံး၊ ထီစာအုပ် ၂၉၄၅၄၄၈ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ဆု တစ်ဆု၊ ငွေကျပ်သိန်း ၅၀ဆု ၂၉ဆု၊ ငွေကျပ်၂၅ သိန်းဆု ၁၂ဆု၊ ငွေကျပ် ခြောက်သိန်းဆု ၆၆၅ဆု၊ ငွေကျပ် ငါးသိန်းဆု နှစ်ဆု၊ ငွေကျပ်လေးသိန်းဆု လေးဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၅ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်းဆု ၂၄ဆု၊ ငွေကျပ်ငါးသောင်းဆု ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်းဆု ၄၆ဆု၊ ငွေကျပ်နှစ်သောင်းဆု ၃၃၃ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ဆု စုစုပေါင်းဆုမဲ ၂၀၁၁၂ဆု ဖြစ်သည်။

ယခု (၁၇၈)ကြိမ်မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည့် ကံထူးရှင်များအားဆုငွေထုတ်ပေးခြင်းကိုနိုဝင်ဘာ ၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆုငွေကျပ် ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထား ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၂၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို ကူးတို့ဆိပ်ရပ်ကွက်ရုံးတွင်ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြမြတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ **(၂၅၉)**

မင်းသိခ်၊ ဆရာသက်လုံ၊ လှမိုး (ပညာရေး)၊ ဟိန်းလတ်၊ ဇင်ယော်နီတို့၏ လက်ရာများနှင့်အတူ ဂမ္ဘီရဆောင်းပါးများ ဝေဝေဆာဆာ တင်ဆက်ထားသည့် ဂမ္ဘီရမြင်ကွင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၇) မျက်နှာဖုံး။ **(က–ပ)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေနှင့်ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါက်တာကြည်စိုး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရွှေဦးစွာ ဒဂုံအင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က နေ့ကလေးထိန်းကျောင်းဆောင်နှစ်ဆောင်အတွက် ငွေကျပ်၃၁၂၀၀၀၀၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ဆောင်ရွက်လျက်ရှိသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ ခွဲစိတ်ပြုပြင်မှု စီမံချက်တွင် အသုံးပြုရန်အတွက် မဂ္ဂမဟာသီရိသုဓမ္မသိင်္ဂ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်) မိသားစု သားသမီး မြေးမြစ်တစ်စုတို့က ငွေကျပ်၁၀၀၀၀၀၀၊ဒေါ်ကျင်ချိန်(နဝရတ်ရွှေဇာမဏီ၊ တောင်ကြီးမြို့)က ငွေကျပ် ၅၀၀၀၀၀ နှင့် ငွေကျပ် ၂၄၀၆၀၀ တန်ဖိုးရှိ ကျောင်းသုံး ပစ္စည်းများ၊ Fisca Co.မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်နှင့်ဇနီး ဒေါ်စုစုအေးတို့က ငွေကျပ်၅၀၀၀၀၀နှင့်ငွေကျပ်၂၃၇၆၀၀ တန်ဖိုးရှိ ကျောင်းသုံး ပစ္စည်းများ၊ ဦးခင်မောင်မြင့်–ဒေါ်ဝေဝေမိသားစုက အသင်းပိုင် ဆိုဖာထိုင်ခုံများပြုပြင်ခြင်း အတွက် ကုန်ကျငွေ ကျပ်၅၁၀၀၀၀၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းက ငွေကျပ်၁၀၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေထံ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(ယာပုံ)**

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူရှင်များအား လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားပြီး လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြဝတီသာသနာ့ရိပ်သာ ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၉

သဃ်န်းကျွန်းမြို့နယ် မဟာစည် မြဝတီသာသနာ့ရိပ်သာ၌ ဝေယျာဝစ္စ အမှုဆောင်အဖွဲ့ကကြီးမှူး၍(၁၂)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၈)ရက် နံနက် ၈ နာရီတွင်ကျင်းပမည်ဖြစ်ရာ သင်္ကန်း၊ဖိနပ်၊ ခေါက်ထီး၊ယပ်၊ဆေးဝါးစသောပစ္စည်းလေးပါးနှင့် ဆွမ်းပဒေသာပင်၊ ငွေပဒေသာပင်များ မိမိတို့ သဒ္ဓါအလျောက် လှူဒါန်းလိုပါက မြဝတီသာသနာ့ရိပ်သာ ဖုန်း–၅၇၂၆၆၄သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က–ပ)**

လေအေးပေးစက်၊ရေခဲသေတ္တာ ပြုပြင်မှုသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

လေအေးပေးစက်နှင့်ရေခဲသေတ္တာ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ တပ်ဆင်ခြင်း သင်တန်းကို Today Engineering Service မှ ဝါရင့်ကျွမ်းကျင်ပညာရှင်များ ကိုယ်တိုင် Hand Tools စုံလင်စွာဖြင့် စနစ်တကျသင်ကြားပေးလျက်ရှိရာ ၎င်းသင်တန်းကို လစဉ် လဆန်း တိုင်း ဖွင့်လှစ်မည်ဖြစ်သည်။

ထို့အပြင် Air-Con၊ Refrigerator၊ Freezer၊ Cold-Storage၊ Chiller၊ Iceplants&Washine Machineများအတွက် စိတ်တိုင်းကျ ပြုပြင်မှုကိုလည်း ဝန်ဆောင်ပေးလျက်ရှိရာ အမှတ် ၅၈ (မြေညီထပ်)၊ ၇လမ်း၊ လမ်းမတော် မြို့နယ် ဖုန်း–၂၂၀၁၅၂နှင့် ၂၅၆၄၂၂ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မောင်စူးစမ်း၊အောင်သင်း၊မင်းရွှေမောင်၊ မောင်ဈေးကွက်တို့၏ ပင်တိုင်ဆောင်းပါးများ၊ ပြည်တွင်း စီးပွားရေးသတင်းစုံတို့ဖြင့် အမှတ် ၁၃၁၊ ၂၈ လမ်း (အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၁–၇၀၇၁၈၃ က ဖြန့်ချိသည့် ဈေးကွက်ဂျာနယ် အမှတ်(၃၄၂) မျက်နှာဖုံး။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပဲခူးမြို့တွင် မြတ်ဆရာပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ပဲခူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၉ ရက်၌ ကျောင်းခန်းမဆောင်၌ ကျင်းပမည်။ ယင်းပူဇော်ပွဲသို့ ပါဝင်လှူဒါန်းလိုပါက ဖုန်း–၀၅၂–၂၁၂၀၉၊ ၀၁–၂၅၂၀၃၉၊ ၅၁၃၅၆၁၊ ၀၅၂–၂၂၈၃၄ တို့ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

မြောင်းမြ အောက်တိုဘာ ၂၈

ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း (နေရှင်နယ်ကျောင်း)တွင် ၁၉၅၁ခုနှစ်မှ ၁၉၇၂ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၈ ရက် (အမျိုးသားနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဗိုလ်မှူးဝင်းနွယ် ဖုန်း–၀၁–၅၇၉၀၀၂ (အတွင်းရေးမှူး၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၊ဒေါက်တာအောင် မြင့်ဇော် ဖုန်း–၀၁–၅၂၅၉၄ (ရွှင်မြကြည်သာ အထူးကုဆေးခန်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့)နှင့် ဒေါ်အုန်းမြ ဖုန်း– ၀၄၂–၇၀၄၉၄ (ဥက္ကဋ္ဌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြောင်းမြမြို့)၊ ဦးဝမ်ကြည် ဖုန်း– ၀၄၂–၇၀၂၃၄ (မြောင်းမြမြို့) တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၆၅ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော် ကန်တော့ပွဲ အတွက် သုတစွယ်စုံ စာအုပ်တိုက် ပိုင် ရှင် ဒေါက်တာ တင်ထွန်းဦးက ငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

၁၃၆၅ခုနှစ် စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက်အလှူငွေနှင့်ပစ္စည်းလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၆၅ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် ပစ္စည်းလှူဒါန်းပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့်ရှိ စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်)နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် သုတစွယ်စုံ စာအုပ်တိုက်ပိုင်ရှင် ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာခင်မိုးမိုးမိသားစုက ငွေကျပ် ၁၀၀၀၀၀၊ အမှတ် ၁၀၉ ဆူးလေဘုရားလမ်း(ဒုတိယထပ်)နေ ဒေါက်တာမောင်မောင်မိသားစုက ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ဘာသာရေး မဂ္ဂဇင်း ၁၅၆၀၊ ခိုင်သဇင် လက်ဖက်ခြောက် လုပ်ငန်းပိုင်ရှင်များဖြစ်ကြသည့် ဦးကျော်ညွန့်၊ ဦးဘကျော်–ဒေါ်သီတာချမ်းတို့ကငွေကျပ်တစ်သိန်းတန်ဖိုးရှိလက်ဖက်ခြောက်အထုပ်၂၀၀၊ ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)က ငွေကျပ် ၂၀၀၀၀၊ ဦးကျော့မောင်မောင်ညွန့်–ဒေါ်သန်းရှင် မိသားစုက ငွေကျပ် ၁၅၀၀၀၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)–ဒေါ်ညွန့်ညွန့်သန်း၊ မြေး ရန်နိုင်ဦးနှင့်မျိုးရာဇာတို့က ငွေကျပ် ၁၀၀၀၀၊ ဦးခင်ဆွေ (ရွှေစွန်ညို)–ဒေါ်နုယဉ်၊ မြေးသူရဝင်း၊ မင်းသီဟ၊အောင်ဇေယျ၊အောင်သူထက်တို့က ငွေကျပ် ၁၀၀၀၀၊ ရဲမှူးကြီးဦးခင်မောင်ထွန်း(ငြိမ်း) (ခင်မောင်ထွန်း၊ လမ်းမတော်) – ဇနီး ဒေါက်တာအေးမြတ်လွင်(ဒေါက်တာအေးမြတ်လွင်ဟသ်ာတ)က ငွေကျပ် ၁၀၀၀၀၊ ဒေါက်တာကျော်စိန်–ဒေါ်တင်တင်အေးက ငွေကျပ် ၁၀၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ တက္ကသိုလ်စိုးယဉ်က ငွေကျပ် ၁၀၀၀၀၊ ဦးသန်းဌေး–ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)က ငွေကျပ် ၅၀၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်အထူးအဖွဲ့ ဒုတိယရဲအုပ်ခင်မောင်ကျော် မိသားစု၊ ကန်တော့ခံစာပေပညာရှင် ဦးဆိုက်ကျင်၊ ဦးထွန်းရှိန်(သန်းဝင်းရှိန်)နှင့် စမ်းချောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀၊ ဦးခင်မောင်ညိုမိသားစုက ငွေကျပ် ၁၀၀၀၀တန်ဖိုးရှိ ဂျပန်နားသန့်ဆေးထုပ် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့်တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ် ၅၂၉၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း– ၂၅၄၁၇၃၊ ၂၅၂၄၁၇ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း/ထီးတန်း) အာစရိယပူဇော်ကြမည်

ရန်ကုန် အောက်တိုဘာ ၂၉

အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း/ထီးတန်း)တွင် ၁၉၅၁ ခုနှစ်မှ ၁၉၈၁ခုနှစ်ထိပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက ယင်းကျောင်းတွင် ၁၉၅၁ခုနှစ်မှ ၁၉၇၁ခုနှစ်ထိ ပညာသင်ကြားပို့ချခဲ့သည့် ဆရာကြီး ဆရာမကြီးဟောင်းများအား အာစရိယပူဇော်ခြင်းနှင့် ၁၉၉၉–၂၀၀၀၊ ၂၀၀၀–၂၀၀၁၊ ၂၀၀၂–၂၀၀၃နှစ်များတွင် နိုင်ငံတော်က ချီးမြှင့်ဂုဏ်ပြုခြင်းခံရသည့် ကျောင်းသားကျောင်းသူဟောင်းများအား ဂုဏ်ပြုမည့် အစီအစဉ်တို့ကို နိုဝင်ဘာ ၁၈ ရက် (အမျိုးသားနေ့)နံနက် ၁၁ နာရီတွင် ကျောင်းတည်ရာခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဆရာကြီး ဆရာမကြီးများအတွက် လှူဒါန်းငွေများကို ဦးဘနှင်း ဖုန်း–၂၂၅၃၄၂၊ ၇၂၄၄၆၊ ဦးစိန်ဟုတ် ဖုန်း–၅၁၃၉၇၂၊ ၅၂၄၇၃၆၊ ၀၉၉၉–၂၇၃၃၆၊ ဦးခင်မောင်ချို ဖုန်း–၇၂၇၉၁၃၊ ဗိုလ်မှူးစိုးဝင်း(မြို့တော်စည်ပင်)ရုံးဖုန်း–၂၇၃၄၃၃၊ ၂၄၈၁၁၂၊ လိုင်းခွဲ–၂၆၀၊၀၉၅၀၁၄၁၉၆၊ဦးထွန်းအေး ဖုန်း– ၅၇၇၇၈၀၊၀၉၈၀–၃၃၁၆၃၊ ဦးစံဝင်း ဖုန်း–၂၂၅၉၁၄၊ ဦးကျင်ထွန်း ဖုန်း–၀၉၉၉–၂၆၂၈၅၊ ဒုမှူးကြီးဇော်ဝင်း ရုံးဖုန်း–၆၅၁၉၈၄၊အိမ်ဖုန်း–၆၆၂၈၉၆၊ ဦးရွှေအေး ဖုန်း–၀၉–၅၀၀၁၃၆၊ ဦးကိုကိုမောင် ဖုန်း–၂၁၁၆၃၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အောက်တိုဘာ ၂၈ ရက်က သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း အမှတ် ၁၀၉ မှ ဒေါက်တာ မိုလာက တန်ဖိုးငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ဘာသာသွေးမဂ္ဂဇင်း ၁၅၆၀ အုပ်ကို လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေး တွဲဖက်အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်–သုံးဆယ်)နှင့်အဖွဲ့ လက်ခံစဉ်။ (က–ပ)

နိုင်ငံခြားသတင်းများ

အသေခံဗုံးခွဲတိုက်ခိုက်သူများ အီရတ်၌ အကြီးအကျယ်ဗုံးခွဲတိုက်ခိုက်လာ အမေရိကန်ကျူးကျော်သူများနှင့် ပူးပေါင်းသူများကို ပစ်မှတ်ထားလျက်ရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အသေခံဗုံးဖောက်ခွဲသူများသည် ဘဂ္ဂဒက်ရှိ ကြက်ခြေနီရုံးချုပ်နှင့် ရဲစခန်းသုံးခုကို တနင်္လာနေ့က တိုက်ခိုက်ခဲ့ကြရာတွင် လူ ၄၀ ခန့်သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရခဲ့သည်။

၄၅ မိနစ်အတွင်း ကားဗုံးများကို ဖောက်ခွဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် လူဦးရေ ငါးသန်းခန့်ရှိ ဘဂ္ဂဒက်မြို့၌ သွေးထွက် သံယိုအဖြစ်ဆုံးဖြစ်ခဲ့သည်။ တိုက်ခိုက်ရေးသမားများက အမေရိကန်ဦးဆောင်သိမ်းပိုက်သူများနှင့်ထင်ထင်ရှားရှား ပူးပေါင်းလုပ်ကိုင်နေသူများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်ခိုက်မှု နည်းစနစ်များသည် တုန်လှုပ်ချောက်ချားဖွယ် ကောင်းအောင် တစ်စထက်တစ်စ ကျယ်ပြန့်လာရာ အမေရိကန်အရာရှိများသည် ယင်းခုခံတိုက်ခိုက်မှုများအပေါ် သံသယရှိလာခဲ့ကြသည်။ လွန်ခဲ့သည့် သီတင်းပတ်များအတွင်း ဗုံးခွဲတိုက်ခိုက်မှုများကို အကြီးအကျယ် လုပ်လာခဲ့ကြသည်။

မေ ၁ ရက်၌ စစ်ပွဲပြီးကြောင်း ဘုရှ်ကြေညာခဲ့ချိန်မှစ၍ အမေရိကန်တပ်ဖွဲ့ဝင် ၁၁၃ ဦးတိုက်ပွဲ၌ သေဆုံးခဲ့ပြီးဖြစ်သည်။

နယူးယောက်တိုင်းမ်က ဖော်ပြရာ၌ အမေရိကန်အရာရှိများသည် ဝိုဖိုဝစ်ဇ်ရှိရာအယ်ရာရှစ်ဟိုတယ်ကို တိုက်ခိုက်ဖွယ်ရှိသည့် သတင်းရခဲ့သော်လည်း လုံခြုံရေးကို အထူးမလုပ်ဆောင်ခဲ့ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးပြောဆိုချက်ကို ကိုးကားဖော်ပြခဲ့သည်။

(အင်တာနက်)

အောက်တိုဘာ ၂၆ ရက်က ဘဂ္ဂဒက်ရှိ အယ်ရာရှစ်ဟိုတယ် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ဘဂ္ဂဒက်တွင် စီးနင်းရှာဖွေမှု တိုးမြှင့်လုပ်ဆောင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ရှိအမေရိကန်တပ်များအခြေအနေ လှုပ်လေမြုပ်လေ နွံအိုင်တွင်းရောက်သလိုဖြစ်

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များ၏ အခြေအနေမှာ လှုပ်လေမြုပ်လေဖြစ်နေသော နွံအိုင်အတွင်းရောက်နေသလိုဖြစ်နေပြီး သမ္မတဘုရှ်၏ ရီပတ်ဘလီကန် ပါတီဝင်အမတ်များကပင်လျှင် အီရတ်နိုင်ငံအား ကျူးကျော်မှုအပေါ် ဗီယက်နမ်နိုင်ငံဖြစ်ရပ်နှင့် နှိုင်းယှဉ် ပြောကြားနေကြသည်။

အီရတ်နိုင်ငံအတွင်း၌ ၁၉၈၀ ပြည့်နှစ်မှစတင်ပြီး လုပ်ငန်းဆောင်ရွက်သော နိုင်ငံတကာကြက်ခြေနီ ကော်မတီအဖွဲ့ရုံး အဆောက်အအုံကို ယမန်နေ့က ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ပထမဦးဆုံးအကြိမ် ကြက်ခြေနီအဖွဲ့ကို ဦးတည်တိုက်ခိုက်မှုဖြစ်သည်။

ယမန်နေ့က ဘဂ္ဂဒက်တွင် ကြက်ခြေနီအဖွဲ့အား တိုက်ခိုက်မှုသာမက တစ်ချိန်တည်း တစ်ပြိုင်တည်းလိုလို ဗုံးပေါက်ကွဲမှု ငါးကြိမ်ဖြစ်ပွားခဲ့ရာတွင် အနည်းဆုံးလူ ၂၉ ဦးသေဆုံးသည်။ အဆိုပါဗုံးပေါက်ကွဲမှုများ၌ သုံးစွဲသည့် လက်နက်မှာ တစ်မျိုးတည်းဖြစ်ပြီး ၎င်းမှာ ဖောက်ခွဲရေးပစ္စည်း အပြည့်ထည့်ထားသည့် မော်တော်ယာဉ်တစ်စီး ဖြစ်သည်။

မကြာသေးမီက ဘဂ္ဂဒက်ရှိ လုံခြုံရေးအထူထပ်ဆုံး အယ်ရာရှစ်ဟိုတယ်အား တင့်ကားဖျက်ဒုံးကျည် ၁၃ စင်းဖြင့် ပစ်ခတ်မှုလည်းဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ရပ်များကြောင့် အီရတ် တိုက်ခိုက်ရေးသမားများအနေဖြင့် ကျွမ်းကျင်ထိရောက်သော တိုက်ပွဲများဆင်နွှဲနိုင်ကြောင်း ပြသလိုက်ခြင်းဖြစ်သလို တိုက်ခိုက်မှုများ၏ ပြင်းထန်မှုအရှိန်အဟုန်သည် ကျူးကျော်သူများအား အီရတ်နိုင်ငံမှ တိုက်ထုတ်ရေး၌ အဆင့်သစ်တစ်ရပ်သို့ တက်လှမ်းရောက်ရှိနေပြီဖြစ်ကြောင်း ထင်ရှားစွာ ဖော်ပြနေသည်။ **(စီအက်ဖ်အိုင်)**

အောက်တိုဘာ ၂၇ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အယ်ခါဒါးရဲစခန်း ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီးနောက် အယ်ဂျာဇီယာရုပ်မြင်သံကြားဌာနမှ ဓာတ်ပုံသတင်းထောက်တစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို တိုက်ခိုက်လာ၍ အီရတ်၌ကြက်ခြေနီဝန်ထမ်းများ ဆက်နေသင့် မသင့် စဉ်းစားရတော့မည်

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မှ ယမန်နေ့က ဖြစ်ပွားခဲ့သော လူအများအပြား ထိခိုက်သေဆုံးဒဏ်ရာရရှိမှုဖြစ်စေခဲ့သည့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုလေးကြိမ်ဖြစ်ပွားခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ ဝန်ထမ်းများက ၎င်းတို့ကို ဦးတည်တိုက်ခိုက်နေပြီဖြစ်သည့်အတွက် အီရတ်နိုင်ငံ၌ ဆက်လက်နေထိုင်ရန်သင့် မသင့် စဉ်းစားဆုံးဖြတ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က အီရတ်နိုင်ငံ၌ ၎င်းတို့သည် ယခုလို တိုက်ခိုက်ခြင်းခံရလိမ့်မည်ဟု မထင်မှတ်ခဲ့ကြောင်း၊ ၎င်းတို့၏ လုံခြုံရေးနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုနည်းပါးကာ ခိုင်မာသောအတားအဆီးအကာအရံများ၊ အခြားအဖွဲ့အစည်းများ၏ လက်နက်ကိုင် လုံခြုံရေးအစီအမံများကို ငြင်းပယ်ခဲ့ပြီး မိမိအဖွဲ့အစည်းသည် စစ်ပွဲနှင့်မသက်ဆိုင်သောကြားနေအဖွဲ့အစည်းတစ်ရပ် အဖြစ်သာ ခံယူထားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံတကာကြက်ခြေနီအဖွဲ့ အဆောက်အအုံကို ပစ်မှတ်ထားကာ အသေခံ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ရပ်နှင့်အတူ အခြား အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ဘဂ္ဂဒက်မြို့တွင်း၌ နေထိုင်ကြသူများအတွက် ရေရှည်လုံခြုံမှုအခြေအနေနှင့်ပတ်သက်ပြီး မေးခွန်းထုတ်စရာ ဖြစ်လာသည်။ နိုင်ငံတကာကြက်ခြေနီအဖွဲ့ရုံးကို ယမန်နေ့က တိုက်ခိုက်ရာ၌ နိုင်ငံတကာကြက်ခြေနီအဖွဲ့ ဝန်ထမ်းနှစ်ဦးနှင့် အခြားလူ ၁၀ ဦး သေဆုံးခဲ့ကြရသည်။

ယင်းနောက်ဆက်လက်ပြီး ဘဂ္ဂဒက်မြို့တွင်းရှိ ရဲစခန်းများ၌ အသေခံဗုံးဖောက်ကွဲတိုက်ခိုက်မှု သုံးကြိမ်သီးခြားစီ ဖြစ်ပွားခဲ့သည်။ ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူအချို့က တိုက်ခိုက်မှုများကို ပြည်ပမှ တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဟု ပြောကြားသော်လည်း အချို့က ဘာသ်ပါတီဝင် အကြွင်းအကျန်များက တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောကြားနေပြီး ဒေသခံများက ပတ်ဝန်းကျင်လုံခြုံရေး အခြေအနေများအတွက် စိုးရိမ်ပူပန်လျက် ရှိနေကြကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်စစ်ပွဲယခုကဲ့သို့ ကြာရှည်မည်ဟုမမျှော်လင့်ခဲ့ကြောင်း ပါဝဲလ်ပြောကြား

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

ဘဂ္ဂဒက်မြို့တွင် နေဝင်မီးငြိမ်းအမိန့်ရုပ်သိမ်းထားသော်လည်း ယမန်နေ့က ဗုံးဆက်တိုက်ပေါက်ကွဲမှုများကြောင့် အီရတ်ပြည်သူများသည် ကြောက်လန့်တကြားဖြစ်ကာ လမ်းမများပေါ်တွင် လူသူကင်းမဲ့လျက်ရှိသည်။

ယခုလို တိုက်ခိုက်မှုများပြုလုပ်ရခြင်းသည် ကြောက်လန့်မှုများ မြင့်တက်လာပြီး အမေရိကန်တို့ ထွက်ခွာသွားစေဖို့ဖြစ်ကြောင်းလည်း အီရတ်ပြည်သူတို့က ထင်မြင်ယူဆကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ကွန်ကရစ်နံရံများ နောက်ကွယ်၌ ပုန်းအောင်းနေရပြီး လမ်းမများ ပေါ်ထွက်ရပါကလည်း နောက်ထပ် တိုက်ခိုက်မှုများခံရမည်ကို ကြောက်ရွံ့တုန်လှုပ်မှုများဖြစ်လျက် ရှိသည်။ အခုလိုဖြစ်နေလင့်ကစား ဂျော့ဒဗလျူဘုရှ်သည် အမေရိကန်တပ်ဖွဲ့များ အီရတ်တွင် အောင်မြင်မှုများရနေသည်ဟု အထူးပြု ဆက်လက်ပြောကြားလျက်ရှိသည်။ ဂျော့ဒဗလျူဘုရှ်သည် စိတ်တင်းကြပ်ပြီး စိုးရိမ်ပူပန်မှုများ ခံစားနေရသည့် ၎င်း၏ အကြံပေးများနှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ ဂျော့ဘုရှ်က အီရတ်၌ လက်ရှိဖြစ်နေသော အခြေအနေကို အကောင်းမြင်ပြောကြားခဲ့သော်လည်း ကောလင်းပါဝဲလ်က အီရတ်နိုင်ငံတွင် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရပြီး စစ်ပွဲသည် ယခုလောက် ကြာရှည်မည်ဟု မျှော်လင့်မထားခဲ့ကြောင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံမှတပ်ဖွဲ့များ ချက်ချင်းလက်ငင်း ရုပ်သိမ်းဖို့ ကန့်ကွက်ဆန္ဒပြသူများက တောင်းဆိုလျက်ရှိသည်။ **(စီအက်ဖ်အိုင်)**

အီရတ်စစ်ပွဲစချိန်မှ အမေရိကန်တပ်ဖွဲ့ဝင် ၃၅၁ ဦးသေဆုံး

ဝါရှင်တန် အောက်တိုဘာ ၂၇

အောက်တိုဘာ ၂၇ ရက် တနင်္လာနေ့အထိရရှိသော စာရင်းများအရ အီရတ်စစ်ပွဲ စတင်ဆင်နွှဲခဲ့ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင် ၃၅၁ ဦးသေဆုံးခဲ့ပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ပွဲကြီးပြီးဆုံးသွားပြီဟု အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် ကြေညာခဲ့သည့် မေ ၁ ရက် နောက်ပိုင်း၌ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၁၃ ဦးသေဆုံးခဲ့ပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

စစ်ပွဲစတင်ချိန်မှစပြီး ရန်လိုတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၆၉၇ ဦး ဒဏ်ရာရရှိကြောင်း၊ ရန်လိုတိုက်ခိုက်မှုမဟုတ်ဘဲ ဒဏ်ရာရရှိသူ ၃၃၉ ဦးရှိကြောင်းဖြင့်လည်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ထုတ်ပြန်သည့် စာရင်းဇယားများ၌ လေ့လာတွေ့ရှိရသည်။ **(အင်တာနက်)**

သြဂုတ်လမှစပြီး အီရတ်တွင်ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား မကြာမီက အသေခံဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပေါ်

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံအတွင်း ဗုံးခွဲတိုက်ခိုက်မှုများမကြာသေးသောရက်ပိုင်း ကာလများအတွင်း ဖြစ်ပေါ်ခဲ့သည်။ အောက်တိုဘာ၂၇ရက်၌ ဘဂ္ဂဒက်ရှိ ကြက်ခြေနီ အဆောက်အအုံနှင့် ရဲစခန်းလေးခုကို ကားဗုံးများဖောက်ခွဲတိုက်ခိုက်သဖြင့် လူ ၄၀ခန့်သေဆုံးခဲ့သည်။

အောက်တိုဘာ ၂၆ရက်၌အယ်ရာရှစ်ဟိုတယ်ကို ဒုံးကျည်များဖြင့် အီရတ်တိုက်ခိုက်သူများက ပစ်ခတ်မှုကြောင့် အမေရိကန် ဗိုလ်မှူးကြီးတစ်ဦးသေပြီး အခြား၁၈ဦးဒဏ်ရာရခဲ့သည်။ ထိုအချိန်၌ ဟိုတယ်တွင် အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီးပေါလ်ဝိုဖိုဝစ်ဇ်ရှိနေသော်လည်း ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပေ။

သေဆုံး

အောက်တိုဘာ၁၄ရက်၌ တူရကီသံရုံးအပြင်ဘက်တွင် အသေခံ ကားဗုံးဖောက်ခွဲသူက ၎င်း၏ကားကိုဖောက်ခွဲခဲ့သဖြင့် ယာဉ်မောင်းနှင့် အနီး၌ရှိသူတစ်ဦးသေဆုံးပြီး ၁၃ဦးထက်မနည်းဒဏ်ရာရခဲ့သည်။

အောက်တိုဘာ ၉ရက်၌ ဘဂ္ဂဒက်ဆာဒါစီးတီးအရပ်တွင်ရှိသောရဲစခန်းအတွင်းသို့ အသေခံ ကားဗုံးခွဲသူက ၎င်း၏ ကားကို မောင်းဝင်ပြီး ဗုံးခွဲတိုက်ခိုက်သဖြင့် ကားမောင်းသူသေဆုံးပြီး အခြားကိုးဦးဒဏ်ရာရခဲ့သည်။

စက်တင်ဘာ ၂၅ရက်၌ အင်ဘီစီသတင်းဌာနမှ အရာရှိများ တည်းခိုနေသော ဟိုတယ်ကို ဗုံးခွဲတိုက်ခိုက်ရာ၌ ဆိုမာလီအစောင့်တစ်ဦးသေပြီး အင်ဘီစီအမှုထမ်းတစ်ဦးအနည်းငယ်ဒဏ်ရာ ရခဲ့သည်။ စက်တင်ဘာ ၂၂ရက်၌ ဘဂ္ဂဒက်ရှိကုလသမဂ္ဂရုံးချုပ် အပြင်ဘက်ရှိ ရဲစစ်ဆေးရေးနေရာကို အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ရာ ဗုံးခွဲသူကိုယ်တိုင်နှင့် အီရတ်ရဲ တစ်ဦးသေပြီး ၁၉ဦး ဒဏ်ရာရခဲ့သည်။

ဒဏ်ရာရ

စက်တင်ဘာ ၉ရက်၌ အီရတ်မြောက်ပိုင်းရှိ အမေရိကန်ထောက်လှမ်းရေးရုံးဝင်းကို ပစ်မှတ်ထားပြီး အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ရာ သုံးဦးသေပြီးအမေရိကန်ထောက်လှမ်းရေး အရာရှိလေးဦး ဒဏ်ရာ ပြင်းစွာရရှိခဲ့သည်။

သြဂုတ် ၂၉ရက်၌ နာဂျက်ဖ်မြို့၌ ကားဗုံးပေါက်ကွဲသဖြင့် ရှီးယားခေါင်းဆောင် အယာတိုလာမိုဟာမက်ဘာကာ အယ်လ်ဟာကင်မ် အပါအဝင် လူ၈၅ ဦးမက သေဆုံးခဲ့သည်။ သြဂုတ် ၁၉ရက်၌ ကင်နဲလ်ဟိုတယ်ရှိ ကုလသမဂ္ဂရုံးချုပ်ကို ထရပ်ကားဗုံးဖောက်ခွဲ တိုက်ခိုက်သဖြင့်လူ၂၃ဦး သေဆုံးခဲ့ရာ ကုလသမဂ္ဂထိပ်တန်းသံတမန် ဒီမဲလို ပါဝင်ခဲ့သည်။

(အင်တာနက်)

အောက်တိုဘာ ၂၈ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ရှိ လမ်းတစ်လမ်းတွင် လုံခြုံရေးအတွက် စိုးရိမ်လျက်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ် ကလေးငယ် တစ်ဦး၏ အင်္ကျီအိတ်များအတွင်းကိုပင် ရှာဖွေစစ်ဆေးနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်ရှိနိုင်ငံတကာဆိုင်ရာကြက်ခြေနီရုံးချုပ် အတိုက်ခံရ အီရတ်၌ဆောင်ရွက်နေသောလုပ်ငန်းများလျှော့ချပစ်ရန် စဉ်းစားနေ

ဂျီနီဗာ အောက်တိုဘာ ၂၈

ဘဂ္ဂဒက်ရှိ နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ရုံးချုပ် ဗုံးခွဲတိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် အီရတ်၌ဆောင်ရွက်နေသော နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ လုပ်ငန်းများကို လျှော့ပစ်ရန် စဉ်းစားနေကြောင်း နိုင်ငံတကာကြက်ခြေနီကော်မတီက တနင်္လာနေ့၌ပြောကြားလိုက်သည်။

ထိုတိုက်ခိုက်မှုကြောင့်နိုင်ငံတကာကြက်ခြေနီကော်မတီ၏ အီရတ်အလုပ်သမားနှစ်ဦး သေဆုံးခဲ့သည့် အပြင် အခြား ၁၀ဦးလည်း သေဆုံးခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဖလိုယင်းဝက်စ်ဖားလ်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် မိမိတို့အား တိုက်ခိုက်မှုကြီးဖြစ်ကြောင်း၊ အကြီးအကျယ်တုန်လှုပ်ချောက်ချားစရာကြီးတစ်ခုဖြစ်ကြောင်း၊ နေ့စဉ်ဆောင်ရွက်သောပုံမှန် လုပ်ငန်းများကို ပြန်ဆောင်ရွက်ရန် မဖြစ်နိုင်သည်မှာ ထင်ရှားကြောင်း၊ ထို့ကြောင့် မိမိတို့သည် အမှန်တကယ်ပင် နောက်ဆုတ်ရဖို့ရှိကြောင်း ၎င်းကပြောဆိုသည်။

ဗုံးပေါက်ခွဲတိုက်ခိုက်မှုတွင်ရုံးဝင်းအတွင်းရှိ အိုင်စီအာစီ အလုပ်သမားအချို့အနည်းငယ်ဒဏ်ရာရခဲ့ကြောင်း၊ ဘဂ္ဂဒက်ရှိအိုင်စီအာစီ အရာရှိများနှင့် ဂျီနီဗာရုံးချုပ်ရှိ အရာရှိများသည် လုပ်ငန်းများကိုပြန်သုံးသပ်နေကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

ယင်း တိုက်ခိုက်မှုက မိမိတို့၏ လှုပ်ရှားမှုများကို မည်မျှထိခိုက်သည်ကို ပြောရန်အချိန်အလွန်စောသေးကြောင်း၊ မည်သို့လုပ်ငန်းဆက်ဆောင်ရွက်မည်ကိုလာမည့်ရက်အနည်းငယ်အတွင်း၌ သင့်တင့်မျှတပြီးရှင်းလင်းသည့် အကြံအစည်တစ်ခု ရရှိမည် ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

(အင်တာနက်)

အီရတ်တွင်ဖြစ်ပွားသည့် စစ်ပွဲ၏သြဇာသက်ရောက်မှုဒဏ် အမေရိကန်၏စီးပွားရေးအကြီးအကျယ်ထိခိုက်ခံနေရ

ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးသည် အီရတ်တွင်ဖြစ်ပွားသော စစ်ပွဲ၏အကြီးအကျယ်သြဇာသက်ရောက်ခြင်းခံနေရသည်ဟု အုပ်စု၂၀နိုင်ငံများ အစည်းအဝေးအဖွင့်၌ အမေရိကန်ဗဟိုသီးသန့်အဖွဲ့ဥက္ကဋ္ဌ အလန်ဂရင်းစပင်က ပြောကြားသည်။

လွန်ခဲ့သည့်နှစ်များစွာအတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှင့် စီးပွားရေးသည် ယေဘုယျအားဖြင့် အီရတ်၌ဖြစ်ပွားသော စစ်ပွဲ၏သြဇာသက်ရောက်ခြင်းကို အပြင်းအထန်ခံခဲ့ရသည်ဟု ဂရင်းစပင်က ပြောကြားသည်။

ဂရင်းစပင်သည် ဂျီ ၂၀ နိုင်ငံများနှင့် ဥရောပသမဂ္ဂမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများကို မိန့်ခွန်းပြောကြားရာ၌ ထိုသို့ပြောကြားခြင်းဖြစ်သည်။

နှစ်ရက်ကြာကျင်းပသောအစည်းအဝေးသည် မက္ကဆီကိုနိုင်ငံ ကင်ကန်၌ စက်တင်ဘာလက ကျင်းပခဲ့သည့် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ အစည်းအဝေး၌ ကုန်သွယ်ရေး လွတ်လပ်မှုကိစ္စ မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် စီးပွားရေး အင်အားကြီးနိုင်ငံများ၏ ပထမဆုံးပြုလုပ်သော အစည်းအဝေးဖြစ်သည်။

(အင်တာနက်)

အောက်တိုဘာ ၂၈ရက်က ဘဂ္ဂဒက်မြို့ရှိ နိုင်ငံတကာကြက်ခြေနီရုံးအဆောက်အအုံကို အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် အဆောက်အအုံအပျက်အစီးကြား၌ ငိုကြွေးနေသောအီရတ်အမျိုးသမီးတစ်ဦးကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြက်ခြေနီတံဆိပ်နှင့်လူနာတင်ယာဉ် ကြက်ခြေနီရုံးကို ဗုံးခွဲခြင်းဖြစ်

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ယမန်နေ့နံနက်ပိုင်းက နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၏ ရုံးအဆောက်အအုံ ခြံဝင်းကို ကြက်ခြေနီ တံဆိပ်နှင့် လူနာတင်ယာဉ်တစ်စီး အတင်း တိုးဝင်လာပြီး အသေခံဗုံး ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး လူ၁၀ဦးသေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိသွားကြောင်းသိရှိရသည်။ ဘဂ္ဂဒက်မြို့၌ ပြီးခဲ့သော သြဂုတ်လအတွင်းက ကုလသမဂ္ဂရုံးဌာနချုပ်ကို ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ပြီးကတည်းက နိုင်ငံတကာကြက်ခြေနီအဖွဲ့ကလည်း အီရတ်နိုင်ငံရှိ ၎င်း၏ဝန်ထမ်းအင်အားကို လျှော့ချခဲ့ပြီး လူနာတင်ယာဉ်များကိုလည်းအမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ၏ ဆေးဘက်ဆိုင်ရာ သူနာပြုယာဉ်များနှင့် မှားယွင်းမှုမဖြစ်စေရန် အမှတ် သင်္ကေတများကို မော်တော်ယာဉ်ကိုယ်ထည်မှာ ရေးထိုးထားခြင်းမရှိကြောင်းသိရှိရသည်။

(စီအင်န်အင်န်)

၂၀၀၂ ခုနှစ်တွင်အမေရိကန်ပြည်ထောင်စု၌ရာဇဝတ်မှု၁၂သန်းနီးပါးရှိ လူသတ်မှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှုများ ၂၀၀၁ ခုနှစ်ကထက်တိုးလာ

ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန်ပြည်ထောင်စုရှိ မြို့ပြစီရင်စုနှင့် ပြည်နယ်တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက အမေရိကန်ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)သို့ တင်ပြချက်အရ လွန်ခဲ့သည့် ၂၀၀၂ခုနှစ် အတွင်း အမေရိကန်ပြည်ထောင်စု၌ ရာဇဝတ်မှုခင်းပေါင်း ၁၁ ဒသမ ၉သန်းခန့် ဖြစ်ပွားခဲ့သည်ဟု အက်ဖ်ဘီအိုင်က တနင်္လာနေ့တွင် ကြေညာသည်။

ထိုရာဇဝတ်မှုများအနက် လူသတ်မှုမှာ ယမန်နှစ် ၂၀၀၁ ခုနှစ်ကထက် ၁ ရာခိုင်နှုန်းတိုးပြီး စုစုပေါင်း ၁၆၂၀၄ မှုအထိ ရှိလာခဲ့ကြောင်းဖြင့်လည်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် ၂၀၀၂ ခုနှစ်အတွင်း မုဒိမ်းမှုပေါင်း ၉၅၁၀၀ မှုခန့်ရှိခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်ကထက် မုဒိမ်းမှု ၄ဒသမ၇ရာခိုင်နှုန်းတိုးလာကြောင်း၊ ထိုကာလအတွင်း ဖောက်ထွင်းမှုပေါင်း ၂ဒသမ ၂သန်းရှိခဲ့ပြီး ယခင်နှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်းတိုးခဲ့ကြောင်းဖြင့်လည်း အစီရင်ခံဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အောက်တိုဘာ ၂၈ ရက်က ဘဂ္ဂဒက်မြို့ရှိ အယ်ရှက်ဖ်ရဲစခန်း အသေခံ ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အဆောက်အအုံပျက်ပေါ်တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန်က အီရတ်၌ ပြောက်ကျားများကို ထိန်းနိုင်ဟုဆို

အမေရိကန်ကာကွယ်ရေးဒုတိယဝန်ကြီး အီရတ်၌ရှိစဉ်ဒုံးကျည်ဖြင့်အပစ်ခံရ၍ပြေးရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

အီရတ်တွင် ဝါရှင်တန်က ကြေညာထားသကဲ့သို့ ခုခံတိုက်ခိုက်မှုများကို တဖြည်းဖြည်းချင်း ထိန်းချုပ်ထားနိုင်သည့် အခြေအနေရှိပါသည်ဟူသောအချက် မှန်ကန်မှုမရှိကြောင်းကို ယခုရက်ပိုင်းဗုံးခွဲတိုက်ခိုက်မှုကဖော်ပြနေသည်။ အမေရိကန်တို့က မေ ၁ ရက်တွင် အီရတ်၌ စစ်ပွဲကြီးပြီးဆုံးခဲ့ပြီဟု ကြေညာခဲ့သည်။

သို့ရာတွင် ထိုနောက်ပိုင်း၌ ဆက်လက်ဖြစ်ပွားသော ပြောက်ကျားတိုက်ခိုက်မှုများကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်းမှာ ၁၁၂ ဦး ရှိသွားပြီဖြစ်သည်။ အီရတ်နိုင်ငံတွင် အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝိုဖိုဝစ်ဇ်ရောက်လျက်ရှိစဉ် ထိုဝန်ကြီးတည်းခိုနေသော ဘဂ္ဂဒက်ရှိ ဟိုတယ်ကို ပြောက်ကျားများက တနင်္ဂနွေနေ့တွင် ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြား ၁၇ ဦး ဒဏ်ရာရရှိသွားသည်။

အခင်းဖြစ်ပွားမှုတွင် ပေါလ်ဝိုဖိုဝစ်ဇ်မှာ အထိအခိုက်မရှိ လွတ်မြောက်သွားသည်။ ၎င်းတည်းခိုနေသော အယ်ရာရှစ်ဟိုတယ်သည် အမေရိကန်အာဏာပိုင်များ၏ အီရတ်အုပ်ချုပ်ရေးအဖွဲ့များရုံးထိုင်နေသော ဗဟိုအချက်အချာနေရာပင်ဖြစ်သည်။ ထိုဟိုတယ်ဝန်းကို အစောင့်အကြပ် အကာအရံထူထပ်စွာချထားသည်။

ထိုတနင်္ဂနွေနေ့ညနေပိုင်းတွင် ဘဂ္ဂဒက်မြို့လယ်ပိုင်း၌ ပေါက်ကွဲသံကြီးနှစ်ခုကို ထပ်မံကြားခဲ့ရသေးသည်ဟု စစ်ဘက်သတင်းများကဆိုသည်။ အခင်းဖြစ်ပွားသည့်အချိန်ကတည်းက ပေါလ်ဝိုဖိုဝစ်ဇ်သည် အယ်ရာရှစ်ဟိုတယ်မှထွက်သွားပြီး ဖြစ်သည်ဟု ယူဆရသည်။ နံနက် ၆ နာရီခန့်တွင် ဟိုတယ်အဆောက်အအုံကို ဒုံးရှစ်စင်းမှ ၁၀စင်းအထိ လာရောက်ထိမှန်ပေါက်ကွဲရာ ဘဂ္ဂဒက်တစ်မြို့လုံး ပဲ့တင်သံဟိန်းသွားသည်။ ဟိုတယ်ရှိ ဧည့်သည်အများအပြားလည်း အိပ်ရာမှ ရုတ်တရက် နိုးလာကြသည်။

အုပ်ချုပ်ရေးအဖွဲ့တွင် တာဝန်ချထားခြင်းခံရသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားသည်။ ထို့အပြင် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး၊ အမေရိကန်အရပ်သားခုနစ်ဦးနှင့် အမေရိကန်ဦးဆောင်သာ အီရတ်အုပ်ချုပ်ရေးအဖွဲ့မှ အခြားအရပ်သား လေးဦးတို့လည်း ဒဏ်ရာရရှိသွားကြသည်ဟုဆိုသည်။

ဟိုတယ်ကိုထိမှန်သောဒုံးများသည် ပေါလ်ဝိုဖိုဝစ်ဇ်တည်းခိုနေသော ၁၂ထပ်အောက်ပိုင်း၌ ထိမှန်ပေါက်ကွဲခဲ့သည်။ လူအချို့ကို ဟိုတယ်အတွင်းမှ ထမ်းစင်ဖြင့် ထုတ်သွားရပြီး အချို့မှာ သွေးများပေကျံနေလျက်သားနှင့် လမ်းလျှောက်၍ ထွက်လာကြသည်ဟု မျက်မြင်သက်သေများက ပြောကြားကြသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့၌ တိုက်ခိုက်မှုနှစ်ခု သီးခြားဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

ဘဂ္ဂဒက်တွင် တိုက်ခိုက်မှုနှစ်ခု သီးခြားစီဖြစ်ပွားခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက တနင်္လာနေ့တွင် ပြောကြားသည်။

ပြီးခဲ့သော တနင်္ဂနွေနေ့က လမ်းဘေးတွင်ထောင်ထားသော ဗုံးတစ်လုံး ဘဂ္ဂဒက်၌ပေါက်ကွဲသွားရာ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ပြီး အခြားတပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း ဒဏ်ရာရရှိသွားသည်။ ထိခိုက်သေဆုံးသွားသော တပ်ဖွဲ့ဝင်များမှာ အမှတ်(၁)သံချပ်ကာတပ်မမှ ဖြစ်သည်ဟုဆိုသည်။ ဘဂ္ဂဒက်မြို့ အနောက်ဘက်မြို့စွန်ရှိ အဘူဂရာအဗ် စစ်ပုလိပ်စခန်းကို အတိုက်ခိုက်ခံရသဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတဘုရှ်သည် မေလ ၁ ရက်နေ့တွင် အီရတ်၌ စစ်ပွဲပြီးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သော်လည်း တိုက်ပွဲများက စဲမသွား၊ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဆက်လက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများအတွင်း သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၁၂ ဦးရှိသွားပြီဖြစ်သည်။

(အင်တာနက်)

အသေခံတိုက်ခိုက်မှုများ အီရတ်၌ဆက်တိုက်ဖြစ်ပွား ကန်ထရိုက်လုပ်ငန်းရှင်များ ၎င်းတို့၏လုပ်ငန်းများကိုချိန်ဆလာရ

ဝါရှင်တန် အောက်တိုဘာ ၂၈

ဘဂ္ဂဒက်မြို့၌ အသေခံတိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့ပြီးနောက် အီရတ်တည်ဆောက်မှုတွင် ပါဝင်လုပ်ဆောင်နေကြသော အမေရိကန် ကန်ထရိုက်များသည် လုပ်ငန်းဆောင်ရွက်မှုကို တနင်္လာနေ့က ချိန်ဆခဲ့ကြရသည်။

ဘဂ္ဂဒက်တွင် တနင်္လာနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှု လေးကြိမ်ဖြစ်ပွားခဲ့ရာ လူ ၃၅ ဦးသေဆုံးပြီး ၂၃၀ ဒဏ်ရာရခဲ့သည်။ တိုက်ခိုက်ခံရမှုတွင် ကြက်ခြေနီအဖွဲ့လည်း ပါဝင်ခဲ့သည်။ တနင်္ဂနွေနေ့၌ ပင်တဂွန်ထိပ်တန်းအရာရှိတစ်ဦးရှိရာ ဟိုတယ်ကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမေရိကန် ဗိုလ်မှူးကြီးတစ်ဦးသေဆုံးပြီး အခြား ၁၇ ဦး ဒဏ်ရာရခဲ့သည်။ စီးပွားရေးလုပ်ငန်းများတွင် ဒေါ်လာသန်းပေါင်းများစွာ လုပ်ကိုင်နေကြသော အစိုးရကန်ထရိုက်များက မိမိတို့သည် အီရတ်နိုင်ငံအတွက် တာဝန်ခံထားကြောင်း၊ သို့ရာတွင် ရေရှည်ကိစ္စတွင် စိုးရိမ်ပူပန်ကြောင်း ပြောဆိုခဲ့ကြသည်။

မိမိတို့ ပစ်မှတ်များဖြစ်လာမည်ကို မလိုလားကြောင်း အမည်မဖော်သူ အမေရိကန် ကန်ထရိုက်တစ်ဦးက ပြောဆိုသည်။ နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ အမေရိကန်အေဂျင်စီမှ ပြောခွင့်ရှိသူ အမျိုးသမီး အယ်လင်ယောင်က ကန်ထရိုက်များနှင့် ယူအက်စ်အိဒ်ဇယ်အမှုထမ်းများ လုံခြုံရေးကိစ္စသည် အဓိကစိုးရိမ်မှုဖြစ်သည်ဟု ပြောဆိုသည်။ ရာရှစ်ဟိုတယ် တနင်္ဂနွေနေ့က တိုက်ခိုက်ခံရပြီးနောက် ထိုဟိုတယ်ရှိ ကန်ထရိုက်များနှင့်အမှုထမ်းများကို ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်သည်။**(အင်တာနက်)**

နိုင်ငံတကာသတင်းများ

အောက်တိုဘာ ၂၇ရက်က အီရတ်ရှိ အပြည်ပြည်ဆိုင်ရာကြက်ခြေနီရုံး အဆောက်အအုံ၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လုံခြုံရေးကို စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်အာရှဒေသ သန့်ရှင်းမှုမြှင့်တင်ရေး လုပ်ငန်းစံနမူနာသတ်မှတ်ရန် ကိုးနိုင်ငံသဘောတူညီ

ဒါကာ အောက်တိုဘာ ၂၄

သင့်လျော်သည့် မိလ္လာအညစ်အကြေးသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ လူကိုဗဟိုပြုထားသော အဖွဲ့အစည်းဦးဆောင်မှုရှိသည့် စံနမူနာထားရှိနိုင်ရေးကို တောင်အာရှနိုင်ငံကိုးနိုင်ငံက ကြာသပတေးနေ့တွင် တစ်ညီတစ်ညွတ်တည်း သဘောတူညီခဲ့ကြသည်ဟု သိရသည်။

အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လဒိုက်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာ နိုင်ငံတို့ပါဝင်သည့် ကိုးနိုင်ငံမှကိုယ်စားလှယ် ၂၀၀ ခန့် တက်ရောက်သော ပထမအကြိမ် တောင်အာရှဒေသ သန့်ရှင်းရေးဆိုင်ရာ ညီလာခံအစည်းအဝေးအပြီး ဒါကာမြို့တွင် ကြာသပတေးနေ့က ထုတ်ပြန်သည့် သန့်ရှင်းရေးဆိုင်ရာ ဒါကာကြေညာချက်တွင် အထက်ပါအတိုင်း ဖော်ပြပါရှိသည်။

တောင်အာရှဒေသ၏ သန့်ရှင်းရေးအနေအထားကို ခြုံ၍ကြည့်လျှင် စိတ်ပျက်စရာကောင်းအောင် ဆိုးရွားနေဆဲဖြစ်ကြောင်း၊ တောင်အာရှဒေသရှိ ပြည်သူအများစု စွန့်လိုက်သော ကျင်ကြီးကျင်ငယ် အညစ်အကြေးများ၊ အခြားသောကျန်းမာရေးနှင့် မကိုက်ညီသည့် လုပ်ဆောင်ချက်အလေ့အထများနှင့် လုံခြုံသော အိမ်သာမသုံးဘဲ ကြုံရာတွင် မစင်စွန့်မှုများသည် လူ့ဘဝအဆင့်အတန်းကို ဆိုးဆိုးရွားရွား ခြိမ်းခြောက် အန္တရာယ်ပြုနေကြောင်းဖြင့်လည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ တောင်အာရှရှိ ငါးနှစ်အောက်က လေးငယ်တစ်သန်းခန့်တို့သည် ရေနှင့်သန့်ရှင်းမှုဆိုင်ရာ ရောဂါဘယများကြောင့် နှစ်စဉ် သေဆုံးနေကြရကြောင်းဖြင့်လည်း ထောက်ပြထားသည်။

အဆိုပါညီလာခံကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်ရှင်အဖြစ် သုံးရက်ကြာကျင်းပခဲ့ကြောင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)၊ ယူအင်ဒီပီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒဗလျူအိပ်ချ်အိုနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းကြီးမှူးပြီး အဆိုပါညီလာခံကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

30-10 (6).p65 1 3/24/05, 11:10 PM

စက်မှုစွမ်းအား ခေတ်ကျော်လွှား

✻ မြန်မာ့ရိုးရာမှ

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို လေးစားချစ်ခင်မြတ်နိုးကြသူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

အဆိုပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၏ (၁၆)ရက်မြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ဆက်လက်ကျင်းပရာ ပညာရှင်အဆင့်(အမျိုးသား) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲတွင် တယောဦးဟန်ဝင်း ရေးစပ်သီကုံးပြီး တေးသံရှင် ကြည်ကြည်ဌေး သီဆိုခဲ့သည့် 'သုံးဆယ့်ရှစ်ဖြာမင်္ဂလာ' သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးကိုကိုနိုင်၊ မကွေးတိုင်းမှ ဦးဟန်ထွန်း၊ ရခိုင်ပြည်နယ်မှ ဦးစန်းလွင်၊ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်(ခ)သားထွေးစတင်း၊ မန္တလေးတိုင်းမှ ဦးသက်နိုင်၊ ရှမ်းပြည်နယ်မှဦးမျိုးမြင့်၊စစ်ကိုင်းတိုင်းမှ ဦးခင်မောင်ဝင်း၊ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ ဧရာဝတီတိုင်းမှ ဦးကြည်ဝင်း(ခ)ဦးထွန်းမင်းလှိုင်၊ ကရင်ပြည်နယ်မှ ဦးမြတ်သန်းစံ၊ မွန်ပြည်နယ်မှ ဦးမင်းဟန်နှင့် ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ တေးသံရှင် ဒေါ်မေစီ သီဆိုခဲ့သည့် 'အနုပညာသည်' သီချင်းဖြင့် ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ မန္တလေးတိုင်းမှ မငြိမ်းငြိမ်းအေး၊ ကယားပြည်နယ်မှ မချောစု၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ ရန်ကုန်တိုင်းမှ မမြတ်ပိုးခေတ်၊ မန္တလေးတိုင်းမှ မရတနာဦး၊ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ ချင်းပြည်နယ်မှ မရိုစ်စလီဗန်ထာချင်းထွေး၊ စစ်ကိုင်းတိုင်းမှ မပြည့်ဖြိုးသူ၊ မကွေးတိုင်းမှ မသန္တာအေး၊ ဧရာဝတီတိုင်းမှ မဖြိုးသဇ္ဇာခင်၊ ပဲခူးတိုင်းမှ မဟေမာန်စိုး၊ တနင်္သာရီတိုင်းမှ မဝင်းယုယုဖြိုး၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ကချင်ပြည်နယ်မှ မသဇ္ဇာဦးနှင့် မွန်ပြည်နယ်မှ မသင်းဝင့်လှိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ညနေ ၃ နာရီခွဲတွင် ၁၆ ရက်မြောက်နေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

မယ်ဒလင်အတီးပြိုင်ပွဲ

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသား)မယ်ဒလင်အတီးပြိုင်ပွဲကို စတင်ကျင်းပရာ 'ပုံပမာ'(ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးလှဌေး၊ ကယားပြည်နယ်မှ ဦးအေးသန်း၊ ရန်ကုန်တိုင်းမှ ဦးကြည်ရွှေ၊ ရန်ကုန်တိုင်းမှ ဂီတာဦးအောင်ရှိန်၊ စစ်ကိုင်းတိုင်းမှ ဦးမျိုးမြင့်သန်းနှင့် ဧရာဝတီတိုင်းမှ ဦးအေးရီတို့ပါဝင် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပညာရှင်အဆင့်(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် 'ဆဒ္ဒန်အိုင်သာ'(သီချင်းခံ)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည် ပါဝင်ယှဉ်ပြိုင်သည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို ဆက်လက် ကျင်းပရာ 'ဂန္ဓမာတောင်' (ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဟန်ဝင်းအောင်၊ မွန်ပြည်နယ်မှ မောင်အောင်ဟိန်းဦး၊ ဧရာဝတီတိုင်းမှ မောင်ဝင်းလွင်ဦး၊ ရခိုင်ပြည်နယ်မှ မောင်အောင်နိုင်ဝင်းနှင့်ရန်ကုန်တိုင်းမှ မောင်မျိုးဆွေသန့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ်(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် 'တောင်တောသာယာ' (ယိုဒယား)သီချင်း ဖြင့် ရန်ကုန်တိုင်းမှ မသီရိလှိုင်ပါဝင် ယှဉ်ပြိုင်သည်။

ပတ္တလားအတီးပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာနကမ္ဘောဇဇာတ်ရုံ၌ နံနက် ၉ နာရီတွင် ဆက်လက် ကျင်းပသည်။

ပညာရှင်အဆင့်(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် 'တောင်ရုံတောကြီး'(မွန်)သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးစိန်မင်းလွင်၊ စစ်ကိုင်းတိုင်းမှ ဦးမြင့်ဝင်း၊ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်း၊ ပဲခူးတိုင်းမှ ဦးအောင်ဝင်း(ခ)ဦးစိုးမြင့်၊ မကွေးတိုင်းမှ ဦးအောင်မျိုးကျော်၊ မန္တလေးတိုင်းမှ ဦးကောင်းသန့်(ခ)ကျော်ဇင်ထွန်း၊ ကရင်ပြည်နယ်မှ မောင်လှိုင်မင်း၊ ကချင်ပြည်နယ်မှ ပန်တျာကျော်ဇော(မြဝတီ)၊ မွန်ပြည်နယ်မှ ဦးကောင်းဆက်၊ မန္တလေးတိုင်းမှ ဦးစိန်ဗိုလ်သင်းနှင့် ရခိုင်ပြည်နယ်မှ ဦးဇော်မိုးလွင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပညာရှင်အဆင့်(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် 'တောင်ရုံတောကြီး'(မွန်)သီချင်းဖြင့် မွန်ပြည်နယ်မှမဝင်းသန္တာအောင်၊ရန်ကုန်တိုင်းမှ မဗိုလ်မ၊ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေးနှင့် မန္တလေးတိုင်းမှ ဒေါ်သန်းသန်းညွှန့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက်အတီးပြိုင်

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲ၏ ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒို့ဗိုလ်မ(ခ) မိုးသူဇာနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဒေါ်အေးမာသီနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်နုနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့်အသက်(၁၅-၂၀)နှစ်(အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှ မယုစန္ဒာဝင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မဝင့်သဇ္ဇာစတင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မထက်ထက်လင်းနှင့် အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မဇာဇာလင်း(ခ) ပေါက်ကျော်မနှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍အခြေခံပညာအဆင့် အသက်(၅-၁၀) နှစ် (အမျိုးသမီး) ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မချိုချိုဗိုလ်နှင့်အဖွဲ့၊ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်နှင့်အဖွဲ့နှင့်ဧရာဝတီတိုင်းမှ မအေးချမ်းဆွေနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

မယ်ဒလင်ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက် တွင် အမျိုးသားဇာတ်ရုံ၌ ဆက်လက်ပြုလုပ်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးတင်ခနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အခြေခံပညာအဆင့်အသက်(၁၀-၁၅)နှစ်(အမျိုးသမီး)ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲတွင်ရန်ကုန်တိုင်းမှမမြတ်ပိုးခေတ်ယှဉ်ပြိုင်စဉ်။ (က-ပ)

ဆော့ဖ်ဝဲအင်ဂျင်နီယာသင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

နိုင်ငံတကာအဆင့်မီ Software Engineer များကို စနစ်တကျမွေးထုတ်ပေးလျက်ရှိသော ACE Data Systems သည် Software Engineer Course Level I,II,III သင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားလျက်ရှိရာ သင်တန်းအဆင့် တစ်ဆင့်စီသည် အချိန်ကာလ သုံးလစီကြာမြင့်မည်ဖြစ်သည်။ Software Engineering Course Level I သင်တန်းကို နိုဝင်ဘာ ၃ ရက်တွင် ဖွင့်လှစ်ပြီး Level I တွင်အရည်အချင်းပြည့်မီပါက Level II သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့် ရှိမည်ဖြစ်သည်။ Java Programming ကို နိုဝင်ဘာ၉ရက်မှစ၍ နံနက်၇နာရီမှ ၉နာရီ(စနေ၊ တနင်္ဂနွေ)အထိလည်းကောင်း၊ C Programming ကို နိုဝင်ဘာ ၁၇ ရက်မှစ၍ နံနက် ၇ နာရီမှ ၉နာရီ(တနင်္လာနေ့မှသောကြာနေ့)အထိလည်းကောင်း ဘာသာရပ်တစ်ခုချင်းစီအလိုက် တက်ရောက်နိုင်ပြီး Windows Basic သင်တန်းကို နိုဝင်ဘာ ၁၀ရက်တွင် နံနက်၁၁နာရီမှမွန်းလွဲ ၁ နာရီ (တနင်္လာနေ့မှသောကြာနေ့) အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ Software Engineering Course Level III ပြီးမြောက်အောင်မြင်ပါက လက်တွေ့တွင် အလုပ်သင်ခြောက်လ ဆင်းရပြီး Level III သင်တန်းပြီးဆုံးပါက MCSA စာမေးပွဲဖြေဆိုနိုင်မည်ဖြစ်ရာ စိတ်ဝင်စားသူများသည် ACE Data Systems (Traning Division) အမှတ်(၁/၁၉)၊ ပထမထပ်၊ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၈၉၁ သို့စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဝါမိုးအောင်စာပေ အမှတ်၅၀၊ ၄၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်က ထုတ်ဝေဖြန့်ချိသည့် ဖေသန်းတင် ပြုစုသော မြန်မာ့ဘဏ်လုပ်ငန်း အခြေခံများ(သမိုင်း၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ)စာအုပ်မျက်နှာဖုံး။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁၀-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၂၅ ၃။ English For Everyday Use
- ၁၆:၃၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၁၇:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၁၅ ၇။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၈။ **"အမွန်မြတ်ဆုံး လက်ဆောင်"** [နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ] (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၇:၅၅ ၉။ မြန်မာစာ၊မြန်မာစကား
- ၁၈:၁၀ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Milo Success In Soccer
- ၁၉:၁၀ ၁၄။ တေးဂီတအစီအစဉ်
- ၁၉:၂၅ ၁၅။ ရွှေလီတံတား
- ၁၉:၃၅ ၁၆။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ၂၀၀၃ခုနှစ် ကောဒသမကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၂၁။ **"စိန်ခြယ်ဖြာရောင်လင်း"** (သုမောင်၊ ရူပ၊ ဖိုးသောကြာ၊ မေသဇ္ဇာဦး၊ ခင်ပြည့်စုံ) (ဒါရိုက်တာ-သုမောင်)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ ➡		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အတီး	အတီး	အတီး
၁၇	၃၀-၁၀-၂၀၀၃ (ကြာသပတေးနေ့)	**မဟာဂီတ(နံနက်)** (၁) ပညာရှင် (မ) **မဟာဂီတ (နေ့လယ်)** (၂) အခြေခံ(၁၅-၂၀) (ကျား)	**မယ်ဒလင်** (၁) အခြေခံ (၁၅-၂၀) (ကျား-မ) **(နံနက်)** (၂) အဆင့်မြင့် (ကျား-မ) **(နံနက်)**	**ပတ္တလား** (၁) ဝါသနာရှင် (မ) **(နံနက်)** (၂) အခြေခံ (၁၅-၂၀) (ကျား)**(နေ့လယ်)**	**စောင်း** (၁) အခြေခံ(၅-၁၀) (ကျား-မ) **(နံနက်)** (၂) ဝါသနာရှင် (ကျား-မ) **(နေ့လယ်)**

(ဆက်လက်ဖော်ပြပါမည်။)

30-10 (7).p65 1 3/24/05, 11:10 PM

ရှုလေတိုင်းဝယ် အလှကြွယ် သာစွကရင်ပြည်နယ်



ကရင်ပြည်နယ်က တောင်ငွဲကပင်အလှ



ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းစေသည့် ဘားအံမြို့နယ်ရှိ ဘီလပ်မြေစက်ရုံကို တွေ့ရစဉ်။



နိုင်ငံတော်က ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော့ကရိတ်မြို့နယ်တွင် ဂျိုင်းမြစ်ကို ဖြတ်ကူးတည်ဆောက်ပြီး ၁၉၉၉ ခုနှစ် မေလ ၂၂ ရက်က ဖွင့်လှစ်ပေးခဲ့သည့် ဂျိုင်း (ကော့ကရိတ်)တံတားကို တွေ့ရစဉ်။

အရှည် ၂၂၅၂ ပေရှိ သံလွင်တံတား (ဘားအံ)

ကရင်ပြည်နယ်သည် ယခင်ကနှင့်မတူ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။ ကရင်ပြည်နယ်တွင်ရှိသည့် သံလွင်တံတား (ဘားအံ)သည် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှ ညီအစ်ကိုတိုင်းရင်းသားများကို ကရင်ပြည်နယ်သို့ အလွယ်တကူ သွားရောက်နိုင်ရန်ပေါင်းကူးပေးလျက်ရှိသည်။ ဂျိုင်း(ဇာသပြင်) တံတားမှတစ်ဆင့် မွန်ပြည်နယ်မြို့တော် မော်လမြိုင်မြို့၊ ထိုမှတစ်ဆင့် စက်စဲကမ်းခြေနှင့် ကျိုက္ခမီရေလယ်ဘုရားတို့သို့ ဦးတည်နိုင်သည်။

လမ်းတို့က နိုင်လွန်ကတ္တရာများဖြင့် ချောမွေ့နေသည်။ လမ်းဘေးဝဲယာတစ်လျှောက် လယ်ယာစိုက်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့နိုင်သည်။ မြိုင်ကလေးရှိ ဘီလပ်မြေစက်ရုံကို လူသိများလှသည်။

ကရင်ပြည်နယ်သည် ညီအစ်ကိုတိုင်းရင်းသားတို့၏ ညီညွတ်မှုစွမ်းပကားကြောင့် အချိန်တိုအတွင်း လျင်မြန်စွာ တိုးတက်ပြောင်းလဲခဲ့သည်။ ၎င်းကို ကရင်ပြည်နယ်အလှ ငွဲကပင်တောင်က သက်သေပြုနေပါသည်။

ကရင်ပြည်နယ် သံတောင်အပန်းဖြေစခန်း လမ်းခရီးမြင်ကွင်း

30-10 (8).p65 1 3/24/05, 11:10 PM

တပ်မတော်(လေ)မိသားစု ဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်တို့အား အမှူးထား၍ တပ်မတော်(လေ)မိသားစု၏ ဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲတွင် တပ်မတော်(လေ) စုပေါင်းရိပ်သာ မင်္ဂလာဒုံ၌ကျင်းပရာ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်)သုခိတာရာမကျောင်း ဆရာတော်ဘဒ္ဒန္တပညာစက္ကအမှူးပြုသော သံဃာတော် (၁၈)ပါး ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ မင်္ဂလာဒုံနှင့် မှော်ဘီ တပ်နယ်ရှိ လေတပ်စခန်းဌာနချုပ်များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်ဘဒ္ဒန္တပညာစက္ကထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။ ယင်းနောက် ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ရန်ကုန်မြို့တော်မှ

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် Central Symbol Zone အတွင်းမြိုင်မာလာကျွန်း၌ အဆင့်မြင့် စားသောက်ဆိုင် တည်ဆောက်မည့်နေရာသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက အဆင့်မြင့် စားသောက်ဆိုင် ဆောက်လုပ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ကန်တော်ကြီး ရေပြင် သန့်ရှင်းရေးအတွက် သောင်တူးစက်များဖြင့် တူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် သစ်ခွကျွန်း၌ အဆင့်မြင့် စားသောက်ဆိုင် တည်ဆောက်နိုင်ရေး မြေနေရာ ရွေးချယ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြင့် စားသောက်ဆိုင် အမြန်ဆောက်လုပ်နိုင်ရေး စတင်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကထိန်အကြိုတရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၂၉

ဘီးလင်းမြို့နယ် သစ်တိုကျွန်းကျေးရွာ သစ်တိုကျွန်းကျောင်း ဆရာတော်အား ပုနောပသမ္ပဒကံဆောင်နှင့် စုပေါင်း မဟာဘုံကထိန်းပွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိဳကာရီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကအဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ အင်္ဂိသဆရာတော်သည် ကထိန်နှင့်စပ်သော သုတ္တန်ဒေသနာကိုကထိန်အကြိုအဖြစ် တန်ဆောင်မုန်းလဆန်း ၈ရက် ည ၇ နာရီမှ စ၍ သစ်တိုကျွန်းကျောင်းဓမ္မာရုံကြီး၌ဟောကြားမည် ဖြစ်ကြောင်းသိရသည်။

(က–ပ)

အောက်တိုဘာ ၂၆ ရက်က သန်လျင်မြို့နယ် လက်ယက်စမ်း ကျေးရွာ အုပ်စု ကျောင်းကန်ကျေးရွာ နယူပဒေသကျောင်း စတုတ္ထအကြိမ်မြောက် မဟာဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော် ဘဒ္ဒန္တပဏ္ဏဝံသနှင့်ဆရာတော်သံဃာတော်များအားအလှူဒါယကာဦးကျော်ဦးနှင့်အလှူရှင်များက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြစဉ်။(က–ပ)

တိုင်းခွဲဥက္ကဋ္ဌ စပါးစိုက်ကွက်ရိတ်သိမ်းခြွေလှေ့မှုစစ်ဆေး

သုံးဆယ် အောက်တိုဘာ ၂၈

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၀ ရက်တွင် သုံးဆယ်မြို့သို့ရောက်ရှိပြီး ရတနာဝင်းကုမ္ပဏီ၏ မှော်ဘီ (၂)မျိုးသန့်စပါးစံပြစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး သင်တောရိုးကျေးရွာ တောင်သူဦးထွန်းဦး၏ မိုးစပါးစိုက်ဧကရှိ ကျော်ဇေယျစပါးစံကွက်ရိတ်သိမ်းမှုနှင့် ခြွေလှေ့မှုကိုလည်းကောင်း၊ လက်ပံတန်းမြို့နယ် ချမ်းသာကုန်းအုပ်စုတောင်သူ၁၈ ဦး၏စံပြကွက်ဧက ၁၀၀ တွင်စံကွက်ရိတ်သိမ်းမှုနှင့် ခြွေလှေ့မှုကိုလည်းကောင်း၊ မင်းလှမြို့နယ် သရက်တစ်ပင်ကျေးရွာ တောင်သူ ဦးခင်ဦး၏ လယ်မြေတွင် မနောသုခ စပါးစံကွက် ရိတ်သိမ်းခြွေလှေ့မှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စပါးခွံဓာတ်ငွေ့သုံးမီးစက်ဖွင့်

ဘီးလင်း အောက်တိုဘာ ၂၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဘီးလင်းမြို့နယ် မရမ်းကုန်းကျေးရွာ ရောင်နီဦး လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ စပါးခွံဓာတ်ငွေ့သုံး မီးစက်ဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက်ကကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းနှင့် အသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူမီးစက်ကို ကြည့်ရှုလေ့လာကြသည်။**(အောက်ပုံ)**

အဆိုပါ မီးလင်းရေးလုပ်ငန်းအတွက် အသင်းပိုင်ငွေ၊ အသင်းသားများ ထည့်ဝင်ငွေနှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတို့မှ ထည့်ဝင်ငွေစုစုပေါင်း ကျပ်သိန်း ၁၁၀ ဖြင့် မတည်ခဲ့ပြီး အသင်းသား ၇၀ တို့၏အိမ်များတွင် အိမ်သုံးလျှပ်စစ်မီးအပြင် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်များပါ အသုံးပြုနိုင်ပြီဖြစ်ကြောင်းသိရသည်။

(က–ပ)

ဆွမ်းတော်ကြီးတင်လှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ကျုံးကြီးလမ်း(၁၀လမ်းထိပ်) အမှတ်(၄)ရပ်ကွက် ပြည်လုံးချမ်းသာမဟာဝိဠုက စေတီတော်ရင်ပြင်မဏ္ဍပ်တွင် (၁၀၁)ကြိမ်မြောက် တန်ဆောင်တိုင်ဆွမ်းတော်ကြီးတင်လှူပွဲနှင့် သစ်သီးနှင့်ပန်းမန်မျိုးစုံ ကပ်လှူပွဲတို့ကို တန်ဆောင်မုန်းလဆန်း ၁၄ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ အလှူရှင်များ၊ မြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများသည် ဦးတင်ဆွေအောင် ဖုန်း–၂၂၂၆၃၈၊ ဦးကျော်ဒင် ဖုန်း–၂၂၂၁၇၅၊ ဦးမောင်မောင်ဆွေ ဖုန်း–၂၂၆၀၄၀ တို့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(၃၈၇)

7 Day News

အတွဲ(၂)၊အမှတ်(၃၂)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၃၀

မြဝတီ–မဲဆောက် စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်လာတော့မည် ထိုင်းဝန်ကြီးချုပ်က ပထမဦးစားပေးဆောင်ရွက်ရန် ဆန္ဒရှိနေ၊ ရဟတ်ယာဉ်ကွင်းပါမည့် ရန်ကုန်မြို့တော်၏ အထပ်အမြင့်ဆုံးအဆောက်အအုံ MICT Park ၌၂၀၀၅အပြီးတည်ဆောက်မည်၊ ကားတန်ဖိုး၏တစ်ဝက် အပေါ်မှာသာအခွန်ပေးရန်လို၊GSMတယ်လီဖုန်းများ ပုဂံ–ညောင်ဦးအပြင် ပုပ္ပားအထိ ပြောဆိုဆက်သွယ်နိုင်တော့မည်စသည့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

နိုင်ငံယာဂရာရေတံခွန်ပေါ် ခုန်ချသေကြောင်းကြံသူ အသက်မသေဘဲလွတ်မြောက်၊ ရထားခြောက်တွဲကိုသွားဖြင့်ဆွဲကာ မလေးရှားလူသန်ကြီးကမ္ဘာ့စံချိန်တင်၊ ကင်ဆာရောဂါကိုကုသရာတွင် အသုံးတည့်သည့် ပရိုတင်းတွေ့ရှိစသည့် နိုင်ငံတကာရေးရာသတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း– ၇၀၃ ၈၁၃၈က တစ်ပြည်လုံးဖြန့်ချိလိုက်ကြောင်းသိရသည်။

(က–ပ)

ရေသန့်နည်းပညာ အဆင့်မြင့်ဆန်းသစ်တီထွင်

ရန်ကုန် အောက်တိုဘာ ၂၉

Supreme Enterprises Ltd. က ရေသန့်စင်မှုဆိုင်ရာ နည်းစနစ်အမျိုးမျိုးနှင့် စက်ကိရိယာအမျိုးမျိုး၊ ဓာတုဗေဒပစ္စည်းအမျိုးမျိုး၊ Filter အမျိုးမျိုးနှင့် စက်အပိုပစ္စည်းများ၊ ပလတ်စတစ်ဘူး ထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာအမျိုးမျိုးတို့ကို အဆင့်မြင့်ဘွဲ့ရ အင်ဂျင်နီယာများကိုယ်တိုင် တာဝန်ယူ၍ ဝယ်ယူအပ်နှံသူများအား ဆောင်ရွက် ပေးလျက်ရှိသည်။

ရုံးသစ်ပြောင်းရွှေ့ဖွင့်လှစ်မှု အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၃၀ ရက်နေ့အထိ လာရောက်ဝယ်ယူ အားပေးကြသူများအား အထူးနှုန်းဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ရာ Supreme Enterprises Ltd. အမှတ် ၈၇/၈၈၊ ဗဟိုစည်အိမ်ရာဝင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမ တော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၂၂၉၇၉၄၊ ၂၂၉၇၉၅၊ ၂၂၉၇၉၆၊ Fax°:၂၂၉၇၅၃ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပထမအကြိမ်အာဆီယံ–အိန္ဒိယခရီးသွားလုပ်ငန်းပူးပေါင်း ဆောင်ရွက်ရေးအစည်းအဝေး

ပုဂံ၊ မြန်မာနိုင်ငံ

၃၁–၁၀–၂၀၀၃

ASEAN

နိဗ္ဗာန်ရောက်ကြောင်းတရားချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက(ဓမ္မကထိက ဗဟုဇနဟိတဓရ)ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် အောက်တိုဘာ ၃၁ ရက်ညတွင် ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက် ရွှေညောင်ပင်လမ်းတွင်လည်းကောင်း၊ နိုဝင်ဘာ ၄၊ ၅ ရက်ညများတွင် သာကေတမြို့နယ် (၈) ရပ်ကွက် ရွှေအုတ်ဂူဘုရားလမ်း သဒ္ဓမ္မဝေပုလ္လဓမ္မာရုံတွင်လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်ညတွင် တောင်ဒဂုံမြို့နယ် (၂၆) ရပ်ကွက် ရာမညလမ်းတွင်လည်းကောင်း၊ နိုဝင်ဘာ ၉ ရက်ညတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် လည်းကောင်း နိဗ္ဗာန်လမ်းပြတရားများ ဟောကြားမည်ဖြစ်သည်။

(က–ပ)

ဘာသာစကားနှင့်အကူသုနာပြု သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ASIA Language & Business Academyတွင် IELTS, TOEFL, SAT I & II, G-Mat, ESL သင်တန်းများနှင့် အခြေခံပညာ အထက်တန်း အောင်မြင်သူများ၊ ဘွဲ့ရများအတွက် လုပ်ငန်းခွင်ဝင် General English Classesများ၊ ခရီးသွားမည့်သူများ၊ လုပ်ငန်းခွင်ဝင်စာမေးပွဲဖြေဆိုမည့် သူများအတွက် Communicative English Classes များ၊ Special Conversational Classes များကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ဂျပန်ဘာသာစကားကိုလည်း အခြေခံပိုင်နိုင်စွာ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်အောင် သင်ကြားပေးပြီး အကူသုနာပြုသင်တန်းများကို ဝါရင့်ကျွမ်းကျင်ဆရာမကြီးများက စာတွေ့၊ လက်တွေ့သင်ကြားပေးနေသည်။

တန်းခွဲသစ်များကို နိုဝင်ဘာလတွင် ထပ်မံဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး ပညာရေးအကူအဖြစ် အင်တာနက်သုံးစွဲရန် စီစဉ်ပေးထားရာ ၆၆ (သုံးလွှာ)၊ ရွှေတိဂုံဘုရားလမ်း၊ ကျားကူးဗိမာန်ကျောင်းတိုက်ရှေ့၊ ဒဂုံမြို့နယ်သို့ လည်းကောင်း၊ ဖုန်း–၇၂၀၉၆၆ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

လေးနိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၉

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်သည် ယနေ့ မွန်းလွဲ ၂နာရီတွင် ညောင်ဦးမြို့ ပုဂံဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ လေးနိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံခရီးစဉ် (Four Countries One Destination) အကောင်အထည်ဖော်ရေး၊ လေကြောင်းလိုင်းများတိုးချဲ့ပျံသန်းရေး၊ နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်တန်း ခရီးစဉ်များဆောင်ရွက်ရေး၊ ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားဖူးခရီးစဉ်များ၊ သင်္ကြန်ပွဲတော် ခရီးစဉ်များ၊ ညီအစ်မမြို့တော်ခရီးစဉ်များ ဆိုင်ရာ ဈေးကွက်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပူးပေါင်းသုတေသနပြုလုပ်ရေး၊ သင်တန်းများ စီစဉ်ပို့ချရေးဆိုင်ရာများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၂–၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းသော်က တက္ကသိုလ်ဝင်စာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရရှိသူ မောင်ကိုဘင်အား ဆုချီးမြှင့်စဉ်။

(က–ပ)



Quality Publishing House

စာအုပ်တိုက်အမှတ် ၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၇၂၁၀၆၇ ၊ ၇၀၆၄၁၄ က ထုတ်ဝေဖြန့်ချိ သည့် စာရေးဆရာအောင်ခန့်၏ ဘာသာပြန် စာအုပ်မျက်နှာဖုံး။ (က–ပ)

ရင်သွေးငယ် မူကြိုသင်တန်း

ရန်ကုန် အောက်တိုဘာ ၂၉

အမှတ်(၂၈)၊ အောင်ဇေယျလမ်း၊ ရန်ကင်း၊ကျောက်ကုန်းရှိ New Campus Language Centreတွင် နှစ်နှစ်ခွဲမှငါးနှစ်အတွင်း အခြေခံဘာသာရပ်များတွင် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ အပါအဝင် ဗဟုသုတ၊ စည်းကမ်း၊ ယဉ်ကျေးမှုများပါကလေးများအတွက် ဝါရင့်ဆရာမကြီးများကဦးစီးသင်ကြားလျက်ရှိရာ ဖုန်း–၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ၀၉၈၀–၂၁၇၈၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

သာမညဖလတရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၉

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၈ ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒ စိန်စီသာသနာ့ရိပ်သာတွင် သာမညဖလ အဓိဋ္ဌာန် ကိုးရက် တရားစခန်းပွဲကို (တန်ဆောင်မုန်းလဆန်း ၇ ရက်မှ တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့အထိ) အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲ ဝင်လိုသူ ယောဂီများသည် (တန်ဆောင်မုန်းလဆန်း ၆ ရက်) အောက်တိုဘာ ၃၀ ရက် ညနေ ၃ နာရီ ကြွရောက်ပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက ရိပ်သာဖုန်း-၅၈၁၁၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သားငါးပွဲ့ပြိုး ပြည့်အကျိုး

ရုပ်သေးပညာအပိုင်းအစများ

ဦးအုန်းမောင် (မန္တလေး)

၂၀၀၃ ခုနှစ် ကောဒသမအကြိမ်(၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးယှဉ်ပြိုင်ရန် အချိန်နီးကပ်လာချိန်တွင် အဆို၊ အက၊ အရေး၊ အတီးနှင့် ရုပ်သေးပညာရှင်ကြီးများက ပြိုင်ပွဲဝင်ကြမည့် မျိုးဆက်သစ်ပညာရှင်တို့အား မှတ်သားလိုက်နာလေ့လာနိုင်ရန် အဆို၊ အက၊ အရေး၊ အတီးနှင့် ရုပ်သေးပြိုင်ပွဲ ဆွေးနွေးခန်းများအား မြန်မာ့ရုပ်မြင်သံကြားမှ ဆက်တိုက်ထုတ်လွှင့်ပေးခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုအား ထိန်းသိမ်းလက်ဆင့်ကမ်းသည့် ပညာရှင်ကြီးများ၏ အနုပညာနှင့် သမ္မာတို့ကို မျက်မြင် ကြည့်ရှုခဲ့ကြရသည်။ မျိုးဆက်သစ်များအတွက် အကျိုးများ၍ ကျေးဇူးတင်ဖွယ်ရာများ ဖြစ်ကြသည်။

ထို့ကြောင့် မျိုးဆက်သစ် ရုပ်သေးပညာရှင်များ ဆန်းစစ်လေ့လာနိုင်ရန် အထက်မြန်မာပြည် ရုပ်သေးပညာရှင်ကြီးများထံမှ မေးမြန်းမှတ်သားခဲ့ရသော ရုပ်သေးပညာ အပိုင်းအစများကို တင်ပြအပ်ပါသည်။ ဤရုပ်သေးပညာ အပိုင်းအစများကို ရုပ်သေးပညာအဝန်းအဝိုင်းတွင် ထည့်သွင်း ဆက်စပ်နိုင်မည်ဟုလည်း ယုံကြည်မိသည်။

ရုပ်သေးရုပ်များတွင် (တီထွင်ကြိုးမပါ) ယေဘုယျအားဖြင့် ရုပ်သေးဂျက် (ရုပ်သေးလက်ကိုင်)မှ ကြိုးငါးကြိုးဆက်လျက် ရှိသည်။ ဂျက်၏ ရှေ့ပိုင်းနှစ်ကြိုးသည် အရုပ်၏ နားထင်တစ်ဖက်စီတွင် တစ်ကြိုးစီဆက်၍ ဂျက်၏ နောက်ပိုင်းကြိုးနှစ်ချောင်းသည် အရုပ်၏ ကုပ်၊ သို့မဟုတ် အရုပ်၏ လက်ပြင်အထက်နားစီတွင် တစ်ကြိုးစီဆက်ထားသည်။ (အရေးပါသည့်) ဂျက်နောက်ပိုင်းအလယ်မှ ကြိုးသည် အရုပ်၏ ခါးအောက် တင်၏နောက်ပိုင်း အလယ်ခန့်တွင် ဆက်ထားသည် (တင်ကြိုးဟုခေါ်သည်)။ ဂျက်လေးဘက်မှ ဆက်ထားသော ကြိုးလေးပင်မှာ အရုပ်အား ဒေါင်လိုက် မတ်မတ်ရပ်နိုင်စေရန် ဆက်ထားသော ဆိုင်းကြိုးများ ဖြစ်သည်။

ဂျက်ကိုင်နည်းစနစ်အတိုင်း ဂျက်ကိုဆက်ဘယ်ဘက် လက်ဖဝါးပေါ်တင်၍ ကိုင်ရသည်။ အရုပ်ကို လှုပ်ရှားကပြတော့မည်ဆိုလျှင် အရေးပါသည့် ထိုတင်ကြိုးအား နည်းစနစ်မှန်စွာ ခပ်တင်းတင်းကိုင်လိုက်လျှင်ပင် ထိုအရုပ်သည် ကရန်၊ လှုပ်ရှားဟန်အဆင်သင့်ဖြစ်ပြီး အရုပ်မှာ အသက်ဝင်လာတော့သည်။ တင်ကြိုးကိုင်နည်းစနစ်မှာ ဂျက်နောက်ပိုင်း အလယ်တည့်တည့်မှ ဆက်ထားသော ထိုကြိုးကို လက်ဖဝါးအလယ်တည့်တည့်မှ နောက်သို့ဆင်းပြီး လက်ကောက်ဝတ်မှ အောက်သို့ တန်းကျနေရမည်။ ထိုကြိုးသည် လက်ဖဝါးဘေးဘက်သို့ လျှောသွားနိုင်သဖြင့် ဖဝါးအလယ်ရှိ ထိုကြိုးကို လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းတို့ဖြင့် ဖိကိုင်ထားရသည်။ ထိုအချိန်တွင် အရုပ်သည် ရှေ့သို့ အနည်းငယ်ကိုင်းသွားပြီး လှုပ်ရှားကပြရန် အဆင်သင့်ဖြစ်ပေတော့သည်။ ၎င်းနောက် ဆွဲ၍ကမည့် ဆွဲကြိုးများကို အရုပ်၏ လက်မောင်းရင်းတံတောင်ဆစ်အထက်နားတွင် လက်မောင်းရင်းနှစ်ဖက်အား ကြိုးတစ်ကြိုးတည်းနှင့် ဆက်ထားသည်။ ထိုကြိုးအား မောင်းရင်းကြိုးဟု ခေါ်ကြသည်။ ၎င်းနောက် လက်ဖဝါး လက်ဖမိုး၏ အလယ်လောက်တွင် အပေါက်ဖောက်၍ လက်ဖျားနှစ်ဖက်ကို ကြိုးတစ်ကြိုးတည်းဖြင့် ဆက်ထားသည် (၎င်းကို လက်ဖျားကြိုးဟု ခေါ်သည်)။ ထိုမောင်းရင်းကြိုးနှင့် လက်ဖျားကြိုးတို့ကို ဂျက်အပေါ်တွင် ကန့်လန့်ဖြတ်တင်ထားသည်။ ထိုကြိုးများကို အထက်ပိုင်းကြိုးများဟုလည်း ခေါ်သည်။

ထိုအထက်ကြိုး၊ တင်ကြိုးနှင့် ဂျက်တို့အား နည်းစနစ်အတိုင်း ကိုင်၍ ဂျက်ကိုင်သည့် ဘယ်ဘက်လက်ကောက်ဝတ်ကို အမျိုးမျိုးလှုပ်ရှားခြင်းဖြင့် နောက်ပိုင်းဇာတ်များတွင် ပြောဟန်၊ ဆိုဟန်များအဖြစ် သရုပ်ဖော်နိုင်သောကြောင့် ထိုကိုင်နည်းစနစ်ကို (နောက်ပိုင်းကြိုး)ဟုလည်း ခေါ်သည်။ ထိုလှုပ်ရှားမှုကို ကျွမ်းကျင်စွာကိုင်နိုင်လျှင် ဂျက်နိုင်သည်၊ ဂျက်ပိုင်သည်ဟု ပြောကြသည်။

ထိုအထက်ကြိုးနှစ်ချောင်းကို အတူကိုင်၍ ဂျက်အပေါ်သို့ ဆန့်ရုံဆွဲလိုက်ပါက ထိုကြိုးနှစ်ပင်သည် ဂျက်အထက် တစ်ထွာနှင့် လက်လေးလုံးအကွာထိ မြင့်တက်နေရသည်။ သို့သော် လက်ဖျားကြိုးကို စတင်ဆက်ထားကတည်းက လက်ဖဝါးနှစ်ဖက် တန်းလန်းကျနေသည့်ပုံစံမဟုတ်ဘဲ လက်ဖဝါးနှစ်ဖက် မှောက်လျက် အနည်းငယ် အပေါ်သို့မြင့်၍ ဆက်ထားသည်။ ထို့ကြောင့် အရုပ်ကို လက်မောင်းချထားပြီး အပေါ်ပိုင်းကြိုးနှစ်ချောင်းကို တညီတည်း တင်းရုံဆွဲထားလျှင် အရုပ်၏ လက်ဖျားနှစ်ဖက်သည် ခပ်ကြွကြွလေး ကတော့မည့်ဟန် ဖြစ်နေသည်။

ရုပ်သေးစင်၏ လက်တန်းသည် တစ်ကိုက်နှင့် တစ်မိုက်ခန့် ပုံမှန်ယောကျ်ားတစ်ယောက်၏ ခါးခန့်ထားရှိကြသည်။ ထို့ကြောင့် တစ်တောင့်ထွာခန့် အရုပ်ကို လက်တန်းရှေ့တွင် ဆန့်ဆန့်ရပ်လိုက်ပါက ရုပ်သေးဂျက်သည် လက်တန်းအထက် တစ်ထွာကျော်ကျော်ခန့်တွင် ရှိနေစေရပေသည်။ ဂျက်သည် ကြိုးဆွဲသူ၏ အရှိုက်နေရာခန့် ဖြစ်သည်။ သို့မှသာ လက်တန်းအထက်မှ ကြိုးဆွဲသူ၏ လက်လှုပ်ရှားမှုများကို ပရိသတ်မမြင်နိုင်သဖြင့် ပရိသတ် အာရုံမနှောင့်ယှက်တော့ချေ။ ၎င်းပြင် ထိုအရုပ်ကို လက်တန်းရှေ့တွင် ထိုင်ချလိုက်ပါက ဂျက်သည် လက်တန်းအထက် လက်နှစ်လုံးခန့်တွင် ရောက်နေသည်။ ရုပ်သေးစင်တွင် လက်တန်းအမြင့်ထိသာ မြင်ကွင်းကို ဖော်ပြထားသဖြင့် လက်တန်းအထက်မှ လှုပ်ရှားမှုများ ဖုံးကွယ်ပြီးသား ဖြစ်နေသည်။

အောက်ပိုင်းကြိုးများမှာ ဒူးကြိုး၊ ဖနောင့်ကြိုး၊ ခြေဖမျက်ကြိုးများ ဖြစ်သည်။ ယေဘုယျအားဖြင့် ဒူးနှစ်ဖက်ကို တစ်ကြိုးတည်းနှင့် ဆက်ထားပြီး ထိုကြိုးခေါက်ကို အထက်ပိုင်းကြိုးများနည်းတူ ဂျက်ပေါ်တွင် ကန့်လန့်ဖြတ်တင်ထားသည်။ ထိုဒူးကြိုးကို မောင်းရင်းကြိုး၊ လက်ဖျားကြိုးတို့နှင့်ပေါင်း၍ ကြိုးခေါက်များ အလယ်မှ ဂျက်အထက် ဆန့်ရုံမတင်လိုက်ပါက ကြိုးအားလုံး၏ အမြင့်သည် အတူတူပင် ဖြစ်နေပေသည်။

အောက်မြန်မာပြည် မင်းသမီးရုပ်များတွင် ဒူးကြိုးတပ်၍ ကသည်။ အရုပ်သည် ဒူးမြှောက်ပြီး လူများ ရှေ့ခြေလှမ်းသည့်သဏ္ဌာန်ဖြင့် ကပြသည်။ အထက်မြန်မာပြည် မန္တလေးပိုင်းမှ မင်းသမီးရုပ်များသည် ဒူးကြိုးမပါပါ။ ဖမျက်ကြိုးကို ပေါင်ရင်းအပြင်တွင် ဘေးကွင်းအတွင်းမှလျှို၍ ဆွဲကသည်။ အရုပ်ကဟန်မှာ ထဘီနားခတ်၍ ကဟန်ဖြစ်သည်။ ထဘီနားခတ် ကနိုင်ရန် အရုပ်၏ ပေါင်သားနှစ်ဖက်ကို ဒေါက်တစ်ခုနှင့် ဆက်ထားသည်။ ထို့ကြောင့် ဒူးဆစ်ဘေးသို့ အနည်းငယ်ကားနေ၍ ထဘီမှာရှေ့၌ပြန့်ကားနေသည်။ ထဘီအတွင်း ရုပ်၏တင်အောက်ဘက်မှ ကြိုးနှစ်ချောင်းသည် ထဘီအတွင်းမှလည်းကောင်း၊ ဖောက်ထွက်၍သော်လည်းကောင်း အရုပ်၏ခြေဖမျက်တွင် ခွကြိုးလေးနှင့် ဆက်ထားသည်။ ထိုခွကြိုးထိပ်နှစ်ဖက်တွင် ကြိုးတစ်ပင်နှင့် ခြေကြိုးအဖြစ် ဆက်ထား၍ ဂျက်ပေါ်တင်ထားသည်။ ထိုခွကြိုးလေးကြောင့် အရုပ်၏ ခြေဖဝါးနှစ်ဖက်သည် ဘေးသို့လှည့်သွားသည်။ ထိုခွကြိုးလေးနှင့်ဆက်သော ကြိုးကို တုပ်ကြိုးဟု ခေါ်သည်။ ထိုတုပ်ကြိုးကြောင့် အရုပ်ဒူးသည် သဘာဝအတိုင်း ကွေးနေစေသည်။ ရှေ့သို့ လုံးဝ ကော့မသွားတော့ပါ။ ခြေဖဝါးဘေးစောင်းလှည့်နေသဖြင့် ခြေကြိုးဆွဲလိုက်လျှင် ထဘီနားခတ်ပြီးသား ဖြစ်သွားသည်။ အရုပ်ကို ကြိုးဆက်စဉ်ကတည်းက ဒူးကားခြေခွင်လျက် ဇလားပုံ ကတော့မည့်ဟန်အဖြစ် ကြိုတင်ပြင်ဆင် ကြိုးဆက်ထားသည်။

မင်းသမီးထဘီ၏အောက်တွင် ထဘီနားရှည်ရှည် ဆက်ထားသည်။ ရှည်ရှည်ဆက်ရသော အကြောင်းရင်းမှာ အရုပ် ခြေထိုးကလျှင် ထိုးသော ခြေထောက်ကို မမြင်စေနိုင်ရန်ဖြစ်သည်။ အချို့ပညာရှင်များတွင် ခြေထိုးမကရ၊ ခြေထိုးကခြင်းသည် ရုပ်သေးကြိုးဆွဲပညာ မပြည့်ဝ၍ ဖြစ်သည်။ ရှေးယခင် ဘုရင်ရှေ့တော်တွင် ခြေထိုးကခွင့်မပြု ဟူသော အစွဲများရှိနေကြသည်။

ခြေထိုးကခြင်းဆိုသည်မှာ မင်းသမီးရုပ်ကို လက်တန်းရှေ့တွင် ရပ်ပြီး ကြိုးဆွဲသူသည် လက်တန်းပိတ်အနားအောက်မှ ဘယ်၊ သို့မဟုတ် ညာခြေအား တစ်ဝက်ခန့် လက်တန်းရှေ့သို့ ထုတ်ထား၍ ထိုခြေထောက်ကို မင်းသမီးရုပ်၏ ထဘီနားအတွင်းထည့်၍ အရုပ်၏ ခြေထောက်နှစ်ဖက်ကြား ထိုးထားခြင်းဖြစ်သည်။

ခြေထိုးထားခြင်းကြောင့် ရှုချင်စဖွယ် လှပအချိုးကျသော ကကွက်အတော်များများကို ဖော်ထုတ်နိုင်သည်။ မင်းသမီးရုပ်တွင် ခြေဖမျက်ကြိုးဖြင့် ကပြသဖြင့် အရုပ်ရှေ့သို့ လမ်းလျှောက်လျှင် ထဘီနားခတ်၍ ရှေ့သို့သွားသောပုံဖြစ်သည်။ ခြေထိုးခြင်းကြောင့် ဖြစ်ပေါ်လာသော ရလဒ်များမှာ ဥပမာ တင်ပြရလျှင် အကယ်၍ အရုပ်ကို ဘေးတိုက်ရွေ့လျားမည်။ သို့သော် တစ်လှမ်းချင်းမဟုတ်ဘဲ ခြေဖဝါးထိပ်နှင့် ခြေဖနောင့်ထောက်၍ ရွေ့လျားမှုကို ခြေထိုးခြင်းဖြင့် ပြုလုပ်နိုင်သည်။ မင်းသမီးရုပ်ကတော့မည့်အချိန် ထဘီနားခတ်ကောင်းရန် ထဘီနားရှင်းသည့် လှုပ်ရှားမှုကိုလည်း ခြေထိုးခြင်းဖြင့် ပြုလုပ်နိုင်သည်။ အရုပ်ကိုရှေ့သို့ ဒူးထောက်ထိုင်ချပြီး လက်နှစ်ဖက်ရှေ့ထောက်၍ ဒူးနှစ်ဖက်အား ဘယ်၊ သို့မဟုတ် ညာသို့ရွှေ့ပြောင်းသော ကကွက်များမှာ အမှန်ပင်လှပ၍ အသုံးတည့်လှပေသည်။

ခြေထိုးကကွက်အများအပြားမှာ လှပ၍ အချိုးအစားကျသော ကကွက်တစ်ခု တင်ပြရလျှင် မင်းသမီးရုပ် လက်ပစ်အက၊ သို့မဟုတ် စင်ရော်တောင်လက်ပစ်အကပင် ဖြစ်သည်။ လက်ပစ်အကဆိုသည်မှာ အရုပ်ကို ရပ်လျက်အနေအထားမှ ခြေကြိုးမကိုင်ဘဲ ဂျက်ပေါ်တွင်တင်ထားပြီး မောင်းရင်းကြိုးကို လက်မနှင့် ချိတ်ထားလျက် လက်ဖျားကြိုးကို လက်ညှိုးနှင့် လက်ခလယ်တို့ဖြင့် ညှပ်ကိုင်ကာ ထိုအနေအထားအတိုင်း ဂျက်ကိုကျော်၍ ဂျက်နောက်အရောက် လက်မောင်းမြှောက်အောင် ဆွဲထားသည်။ ထိုအချိန်တွင် လက်မောင်းရင်းသည် အပေါ်မလျက် ပခုံးနောက်ရောက်နေပြီး လက်ဖျားသည် တံတောင်ဆစ်မှ ကျိုး၍ တန်းလန်းကျနေသည်။ ထိုအချိန်တွင် လက်ဖျားကြိုးဘယ်ညာ တစ်လှည့်စီ လက်သူကြွယ်၊ လက်သန်းတို့ဖြင့်ခတ်၍၊ သို့မဟုတ် တောက်၍ မပေးလိုက်လျှင် အရုပ်ပခုံးနောက်ရောက်နေပြီး မြှောက်ထားသော လက်မောင်းရင်းမှဆက်ထားသော တံတောင်ဆစ်အဆက်သည် ကျိုး၍ လည်းကောင်း၊ လည်၍လည်းကောင်း အရုပ်၏လက်ဖျံနှင့် လက်ဖျားတို့သည် အရုပ် ရှေ့မျက်နှာဘေးနားတွင် လက်ဖဝါးမှောက်လျက် ကျလာသည်။ ထိုလက်ဖဝါးသည် အထက်မှ လက်မနှင့် ချိတ်ထားသော မောင်းရင်းကြိုးကို တောင့်ဆွဲထားသဖြင့် ရင်ဘတ်အောက်အထိ ကျမလာပါ။ ညာလက်ပစ်လျှင် ဘယ်လက်နောက်ကျန်နေပြီး ဘယ်လက်ပစ်လျှင် ညာလက်နောက်ကျန်နေသည်။ ထိုအဆင့်ထိမှာ အထက်ပိုင်းကြိုးများ လှုပ်ရှားမှုဖြစ်ပြီး ပြည့်စုံလှပသော အဆင့် မရောက်သေးပါ။ ထိုအခါတွင် ထိုးထားသော ခြေထောက်မှ အရုပ်ခြေနှစ်ဖက်အား ပြိုင်တူ ဘယ်ညာရွှေ့ပေးရသည်။ ညာဘက်ပစ်လျှင် ခြေထောက်နှစ်ဖက်ကို ဘယ်ဘက်သို့လည်းကောင်း၊ ဘယ်လက်ပစ်လျှင် ခြေထောက်နှစ်ဖက်ကို ညာဘက်သို့လည်းကောင်း ဟန်ချက်ညီညီခြေထိုး၍ ရွှေ့ပေးရသည်။ ထိုအချိန်တွင် အရုပ်မျက်နှာမှာလည်း ညာလက်ပစ်လျှင် ညာဘက်သို့ လှည့်၍လည်းကောင်း၊ ဘယ်လက်ပစ်လျှင် ဘယ်ဘက်သို့လှည့်၍ လည်းကောင်း ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျစွာ အရုပ်ကလေး ကနေပုံမှာ ရုပ်သေးကြိုးဆွဲဆရာ အချင်းချင်းပင် ငေးကြည့်ရပြီး အဆင့်အမြင့်ဆုံး မင်းသမီးရုပ် ကကွက်တစ်ကွက်ပင် ဖြစ်သည်။ ထိုသို့ ခြေထိုးကခြင်းကြောင့် ပြည့်စုံလှပသော ကကွက်တစ်ကွက်အဖြစ် ရလဒ်ကောင်း ပေါ်ထွက်လာရလေသည်။

ထိုကကွက်ကို ကြိုးဆွဲဆရာက ကြိုးဆွဲ၍ ကနေစဉ် အရုပ်၏အကလှပဆန်းကြယ်ရုံတွင်မက ကြိုးဆွဲဆရာ၏ လှုပ်ရှားကြိုးဆွဲနေပုံမှာလည်း အလွန်ပင် ကြည့်၍ကောင်းလှသည်။ ထိုလက်ပစ်အက ကျွမ်းကျင်အောင် ရုပ်သေးကြိုးဆွဲဆရာမှာလည်း ပင်ပင်ပန်းပန်းနှင့် အဆင့်လိုက် လေ့ကျင့်ယူရပေသည်။ ထိုအကွက်ကို ခြေကြိုးဆွဲခြင်း၊ ဒူးကြိုးဆွဲခြင်းဖြင့် က၍မရပါ။ ထိုအချက်သည် ခြေထိုးကခြင်း၏ အားသာချက်ပင် ဖြစ်သည်။

သို့သော် ထိုလက်ပစ်အကကို မင်းသားရုပ်တွင် က၍ရသော်လည်း များများမကပါ။ တစ်ချက်တလေ ဟန်လုပ်ရုံလေးနှင့် အကပိုဒ်၊ အချပိုဒ်များတွင် အဆုံးသတ်ကကြိုးအဖြစ်သာ ကပြကြလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကကြိုးမှာ မင်းသမီး၏ ကိုယ်ပိုင်ကကြိုး ဖြစ်ပေသည်။ မင်းသမီးအတွက် ကကြိုးကကွက်များ မင်းသားက ချန်ပေးထားခြင်း ဖြစ်သည်။

မင်းသားရုပ်တွင် ဖနောင့်ကြိုးထည့်ထားပြီး ယောကျ်ားဟန် အကများ ရှိနေပေသည်။ မင်းသားသည် ခြေကကို ဦးစားပေး ကလေ့ရှိသော်လည်း ဇော်ခြေ ကကွက်များနှင့် မတူပေ။ အချို့ဇော်များတွင် ဖနောင့်ကြိုးတပ်၍ ကပြသော်လည်း အညာဇော်များတွင် ဖနောင့်ကြိုးထည့်လေ့မရှိဘဲ အပေါ်ပိုင်းကြိုးနှင့် ဒူးကြိုးသာ ထည့်ထားလေ့ရှိသည်။ ဇော်ခြေအကများမှာ ဘောင်းဘီဝတ် ခါးတောင်းကျိုက်၍ ခုန်ပျံကရသော အကများသာဖြစ်ပြီး ဖနောင့်ကြိုးအကကို မင်းသားအတွက် ချန်ပေးထားသည်။ အကယ်၍ မင်းသားမထွက်ခင် ဇော်အကကို မင်းသားကြိုးများပါထည့်၍ ကပြပါက မင်းသားအတွက် ကကွက်များ အမှန်ပင်နည်းသွားမည် ဖြစ်ပေသည်။

ထို့အတူ သမားစဉ်အကတွင် မျောက်ရုပ်ကို မောင်းရင်းကြိုး၊ လက်ဖျားကြိုး၊ ဒူးကြိုးများထည့်ကလျှင် ဇော်က၊ မင်းသားက၊ လူကများ က၍ရပေမည်။ သို့သော် လူရုပ်များနှင့် ကကွက်တူနေမည်ဖြစ်သဖြင့် မျောက်ရုပ်တွင် ဒူးကြိုးမပါ၊ မောင်းရင်းကြိုးမပါ၊ လက်ဖျားကြိုးပါသော်လည်း လက်ဖျားနှစ်ဖက် ပူးထားပြီး ကြိုးတစ်ကြိုးတည်း တပ်ထား၏။ ထိုကြိုးနှင့်ပင် မျောက်၏ အမူအရာများ ပြုလုပ် ကစေသည်။ သမားစဉ်တွင် မဟုတ်ဘဲ ဇာတ်လမ်းတွင် ဇာတ်ဆောင်ကရသော မျောက်အတွက်မူ ကြိုးစုံထည့်၍ ကခြင်းမဟုတ်ဘဲ မျောက်အမူအရာများ ပြုလုပ်သော် အပြစ်မရှိပေ။

ထို့အတူ ဝန်ရုပ်များတွင် မောင်းရင်းကြိုး၊ လက်ဖျားကြိုး၊ ဒူးကြိုးများ သရုပ်ဆောင်နိုင်ရန် ထည့်ထားသော်လည်း ဝန်ကကွက်များတွင် ဣန္ဒြေမပျက်စေရန် ခြေလှမ်းဟန်၊ လက်လွှဲလက်မြှောက်ဟန်များသာ ကရပေသည်။

သို့သော် ပွဲဦးအပျိုတော်နှင့် နတ်ကတော်အကများတွင် မင်းသမီးကကြိုးများကို ဆတ်ဆတ်လပ်လပ်နှင့် စုံလင်ပျော်ရွှင်စွာကပြပြီး အထူးတီထွင်ထားသော ကြိုးအကများလည်း ကပြကြလေသည်။ ယုတ်စွအဆုံး အပျိုတော် ကျွမ်းထိုး၍ပင် ကပြသွားလေသည်။ ထို့ကြောင့် အပျိုတော်အကနှင့် နတ်ကတော်အကများကို မဒီကိုင်ခေါ် မင်းသမီးကြိုးဆွဲကသာ ကပြသောကြောင့် ထိုအရုပ်ကများ ကြည့်၍ မင်းသမီးကြိုးဆွဲ၏ ပညာ၊ သမ္မာအား ခန့်မှန်းနိုင်ပေသည်။ နှစ်ပါးသွား မင်းသမီးကကွက်များကို ကပြသောအခါတွင် ဣန္ဒြေရရနှင့် ညင်သာလှပသော ကကွက်များ၊ မင်းသားနှင့်အတူ တွဲကရသော ကကြိုးများကိုသာ ကပြလေတော့သည်။

ဤရုပ်သေးပညာအပိုင်းအစများကို ရုပ်သေးပညာ အဝန်းအဝိုင်းကြီးအတွင်း ထည့်သွင်းနိုင်လျှင် မျိုးဆက်သစ် ရုပ်သေးပညာရှင်များသည် ဒေသစုံမှ အရုပ်များ၊ ကကွက်များ စုံလင်ပြည့်စုံစွာ ကနိုင်သော အကျိုးများရပေမည်။

ထိုသို့ဖြစ်ပေါ်လာနိုင်ရေးအတွက် လက်ကျန်ရုပ်သေးပညာရှင်ကြီးများ၏ အဆို၊ အငို၊ အပြောနှင့် ကြိုးဆွဲပညာများကို ခေတ်မီစက်များဖြင့် မှတ်တမ်းတင် သိမ်းဆည်းလေ့လာသင့်လှပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၀-၁၀-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(မြန်မာစာ) (ခ)ပထမနှစ် (ဒဿနိကဗေဒ)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနဲ့ယမင်းရွှေစင်"** (အပိုင်း-၁၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"သြဝါဒမှန်ကောင်းကျိုးညွှန်"**
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက မြစ်တစ်စင်း"** (အပိုင်း-၃၈)

ညောင်ကန်အေးကွင်းကျောင်း ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၉

မဟာစည်သြဝါဒခံ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်သပြေလမ်း ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာတွင် (၁၆)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၈ရက် (စနေနေ့) နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံ၊ ထီး၊ ဖိနပ် ပစ္စည်းလေးပါး ဖြစ်စေ၊ သံဃာတော် တစ်ပါးအတွက် ဆွမ်း စရိတ်ကျပ် ၁၀၀ဖြစ်စေ အလှူရှင်များ လာရောက် လှူဒါန်းနိုင်ကြောင်း ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ **(က–ပ)**

မြေဩဇာ ထိန်းပါလေလွှင့် ထုတ်ကုန်မြှင့်

မြို့သစ်မြို့နယ်မှ ဆဒ္ဒန်ရေလှောင်တမံ

ခင်မောင်သန်း (စက်မှု)

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသည် သီးနှံများအထွက်တိုးစေပြီး လယ်ယာကဏ္ဍ တိုးတက်မြင့်မားရန်အတွက် ရေသယံဇာတများကို ထိရောက်စွာ အသုံးချ၍ ရေသွင်းစိုက်ပျိုးနိုင်ရန် ဆည်မြောင်း စီမံကိန်းများကို ဦးစားပေး တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။ ထိုကဲ့သို့ ဆည်မြောင်းလုပ်ငန်းများ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆည်မြောင်း ဦးစီးဌာနအနေဖြင့် စူးစမ်းလေ့လာမှုများ ပြုလုပ်၍ ဖြစ်မြောက်နိုင်စွမ်းရှိသည့် စီမံကိန်းများကို တင်ပြ အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါလေ့လာမှုများ ပြုလုပ်ရာတွင် ယင်းမြစ်ဝှမ်းဖွံ့ဖြိုးမှုအတွက် ပါဝင်ပြီး ယင်းမြစ်ဝှမ်းဒေသအတွင်း၌ နတ်မောက်ရေလှောင်တမံ၊ ပုလင်းရေလှောင်တမံ၊ စွန်ချောင်းရေလှောင်တမံ၊ ငမင်ရေလှောင်တမံ၊ ယင်းမလည်ရေလှောင်တမံ၊ ဘန်းကုန်းရေလှောင်တမံ၊ ဆဒ္ဒန်ရေလှောင်တမံတို့၏ ပဏာမ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ လေ့လာမှုများအရ ဆဒ္ဒန်ရေလှောင်တမံ စီမံကိန်းသည် အကျိုးအမြတ်များ ရရှိနိုင်သည်ဖြစ်၍ ၁၉၉၅ခုနှစ် ဩဂုတ်လ ၁၈ ရက်က ခွင့်ပြုချက် ရရှိခဲ့ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စာရေးသူသည် မကွေးတိုင်းအရှေ့ဘက်ခြမ်းဒေသများ စိမ်းလန်းစိုပြည်စေရန် တည်ဆောက်ဖွင့်လှစ်ပြီးသော ဆဒ္ဒန်ရေလှောင်တမံကို ကွင်းဆင်းလေ့လာခဲ့သည်။ မကွေးတိုင်း မြို့သစ်မြို့နယ် ထနောင်းကွင်း ကျေးရွာအထက် တစ်မိုင်ခန့်အကွာ ဆဒ္ဒန်ချောင်းပေါ်တွင် တည်ဆောက်ထားသည်။ ဆဒ္ဒန်ချောင်းသည် အလယ်ရိုးမမှ စတင်စီးဆင်းလာ၍ တောင်တွင်းကြီးမြို့နယ်နှင့် မြို့သစ်မြို့နယ် နယ်စပ်တစ်လျှောက် စီးဆင်းလာပြီးနောက် ယင်းချောင်းထဲသို့ စီးဝင်သည်။

မကွေးတိုင်းအရှေ့ခြမ်း ဆည်အစုအဖွဲ့တွင် နတ်မောက်ရေလှောင်တမံ ပြီးစီးခဲ့၍ မြို့သစ်မြို့နယ်၌ ဧက ၃၅၀၀၀နှင့် နတ်မောက်မြို့နယ်တွင် ဧက ၁၀၀၀ ရေပေးဝေနေပြီဖြစ်သည်။ ထို့နောက် ကင်ပွန်းတောင် ရေလှောင်တမံ ၁၉၈၉ ခုနှစ်က ပြီးစီးခဲ့ရာ တောင်တွင်းကြီးမြို့နယ်တွင် ဧက ၅၀၀၀ ရေပေးဝေနေပြီ ဖြစ်သည်။ ထို့နောက် ဘန်းကုန်းရေလှောင်တမံကို ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က ပြီးစီးခဲ့ပြီဖြစ်၍ တောင်တွင်းကြီးမြို့နယ်တွင် ဧက ၂၀၀၀ ရေပေးဝေလျက်ရှိသည်။

ဆက်လက်၍ မကွေးတိုင်းအရှေ့ဘက်ခြမ်း ဆည်အစုအဖွဲ့များ တည်ဆောက်ခဲ့ရာ ငမင်ရေလှောင်တမံကို ၁၉၉၉ ခုနှစ် ဇူလိုင် ၁၈ ရက်က တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ်တွင်ဧက၁၅၀၀၊ ထို့နောက် ပုလင်းရေလှောင်တမံ ပြီးစီးခဲ့ပြီဖြစ်၍ မြို့သစ်မြို့နယ်တွင် ဧက ၄၄၀၀၊ ဆက်လက်၍ ရန်ပယ်ရေလှောင်တမံ ပြီးစီးခဲ့ရာ တောင်တွင်းကြီးမြို့နယ်တွင် ဧက ၄၀၀၀ ရေပေးဝေလျက်ရှိပြီး ဘွက်ကြီး ရေလှောင်တမံကို ၂၀၀၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်က ဖွင့်လှစ်ခဲ့ရာ အောင်လံမြို့နယ်တွင် ဧက ၁၀၀၀၀ ရေပေးဝေနိုင်ခဲ့ပြီ ဖြစ်သည်။

မကွေးတိုင်း–အောင်လံမြို့နယ်တွင် ဧက ၄၀၀၀ ရေပေးဝေမည့် ပဒဲရေလှောင်တမံကို တည်ဆောက်လျက်ရှိပြီး မကွေးတိုင်းအရှေ့ဘက်ခြမ်းတွင် ဆဒ္ဒန်ရေလှောင်တမံမှ ဧက ၁၀၅၀၀ အပါအဝင် စုစုပေါင်း ဧက ၉၀၀၀၀ ခန့် စိုက်ပျိုးရေ ရရှိနေပေသည်။ ဆဒ္ဒန်ရေလှောင်တမံတည်ဆောက်ထားသည့် ဆဒ္ဒန်ချောင်း အပါအဝင် အခြားရေလှောင်တမံများတည်ဆောက်ထားကြသည့် ချောင်းများသည် နောက်ဆုံး ယင်းချောင်းထဲသို့ စီးဝင်ကြသည်။ စာရေးသူအား ရှင်းလင်းပြသသူ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်က ယင်းစီးရီးဟု ခေါ်ဆိုနိုင်ကြောင်း၊ ယင်းမြစ်ဝှမ်းလွင်ပြင်ကို မြစိမ်းရောင်လွှမ်းခြုံသည့် ယင်းစီးရီးရေလှောင်တမံများ ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဆဒ္ဒန်ရေလှောင်တမံ တည်ဆောက်ခဲ့ခြင်းရည်ရွယ်ချက်သည် ဆဒ္ဒန်ချောင်းပေါ်တွင် အလျားပေ ၁၀၀၀၊ အမြင့် ၁၂၂ပေရှိ ရေပမာဏဧကပေ ၂၅၀၀၀ သိုလှောင်နိုင်သည့် မြေသားတမံတစ်ခု တည်ဆောက်ပြီး မကွေးတိုင်းမြို့သစ်မြို့နယ်အတွင်း သီးနှံဧရိယာ ဧက ၁၆၀၀၀ ရေပေးသွင်း စိုက်ပျိုးရန် ဖြစ်သည်။ ယခုအခါ ဆဒ္ဒန် ရေလှောင်တမံ ပြီးစီးခဲ့၍ ထိုရည်ရွယ်ချက် ထမြောက် အောင်မြင်မှုရရှိနေပြီဖြစ်သည်။

ဆဒ္ဒန်ရေလှောင်တမံ၏ အချက်အလက်များမှာ–

၁။ တည်နေရာ
မြို့သစ်မြို့နယ်(မကွေးတိုင်း)
၂။ ချောင်းအမည်–ဆဒ္ဒန်ချောင်း
၃။ ရေဆင်းဧရိယာ
၁၃၅ စတုရန်းမိုင်
၄။ ရေလှောင်တမံအမျိုးအစား
မြေသားတမံ
၅။ ရေလှောင်တမံအမြင့်
၁၂၂ ပေ
၆။ ရေလှောင်တမံအလျား
၁၀၀၀ ပေ
၇။ ရေလှောင်တမံထိပ်ဝအကျယ်
၂၀ ပေ



ဆဒ္ဒန်ရေလှောင်တမံ
ရေထိန်းမျှော်စင်

၈။ ရေလှောင်ပမာဏ/
ရေဝင်ပမာဏ
၂၅၀၀၀/၃၀၇၀၀ ဧကပေ
၉။ ရေသေ ရေလှောင်ပမာဏ
၇၀၀၀ ဧကပေ
၁၀။ အသုံးပြုနိုင်သော ရေပမာဏ
၁၈၀၀၀ ဧကပေ
၁၁။ ရေပြည့် ရေပြင်ကျယ်ဧရိယာ
၁၁၀၀ ဧက
၁၂။ ရေပိုလွှဲအမျိုးအစား
လျှောခွက်ပါသံကူကွန်ကရစ်
၁၃။ ရေပိုလွှဲအကျယ်
ပေ ၁၃၀
၁၄။ ရေထုတ်ပြွန်အမျိုးအစား
၆ ပေ × ၄ ပေ တစ်ပေါက်
၁၅။ ရေထုတ်နိုင်အား
၁၄၀ ကုဗပေ/စက္ကန့်.
၁၆။ တူးမြောင်းမကြီးအလျား
၈ ဒသမ ၃ မိုင်
၁၇။ လက်တံမြောင်းများ စုစုပေါင်း
အလျား–၂၁ မိုင်
၁၈။ တူးမြောင်းမကြီးအဆောက်အအုံ
၁၆ ခု
၁၉။ လက်တံမြောင်းအဆောက်
အအုံများ
၈၂ ခု
၂၀။ စပါးစိုက်ပျိုးနိုင်သည့် မြေဧရိယာပေါင်း
၄၅၀၀ ဧက
၂၁။ ဝါစိုက်ပျိုးနိုင်သည့် မြေဧရိယာပေါင်း
၃၀၀၀ ဧက
၂၂။ နှမ်းနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်သည့် မြေဧရိယာပေါင်း
၃၀၀၀ ဧက

ဖြစ်ကြောင်း သိရှိရသည်။

ဆဒ္ဒန်ရေလှောင်တမံတည်ဆောက်ရာ စီမံကိန်းနယ်မြေသို့ ၁၉၉၇ ခုနှစ် ဧပြီ ၁၇ ရက် နံနက်ပိုင်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရောက်ရှိခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"တည်ဆောက်ပြီး ဆည်မြောင်းတာတမံများ ရေဝင်ကောင်းစေရန် ရေဝေရေလဲဒေသများ၌ သစ်တောများ ထိန်းသိမ်းကာကွယ်ပြီး တောင်ယာမီးရှို့ခြင်းများ မပြုလုပ်စေရေး ကြပ်မတ်ဆောင်ရွက်သွားစေရန်" လမ်းညွှန်မှာကြားခဲ့ပေသည်။

မကွေးတိုင်းသည် အပူပိုင်းဒေသတွင် ပါဝင်ပြီး သောက်သုံးရေနှင့် စိုက်ပျိုးရေ ရှားပါးသော ဒေသဖြစ်သည်။ ဆဒ္ဒန်ရေလှောင်တမံ အပါအဝင် မကွေးတိုင်း ဆည်အစုအဖွဲ့များက သောက်သုံးရေနှင့် စိုက်ပျိုးရေများကို မကွေးတိုင်းအရှေ့ခြမ်း ယင်းစီးရီးလွင်ပြင်များကို ဖြန့်ကြက်ပေးဝေနေပြီဖြစ်သည်။ ယခင်က မိုးကောင်း သောက်စပါးများနှင့် နွေစပါးများကို စိုက်ပျိုးရေ ဖြည့်ဆည်းပေးနေသောကြောင့် စပါးများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည်။ ထို့အပြင် ဝါ၊ ပဲမျိုးစုံ၊ နှမ်းသီးနှံများကိုလည်း ပိုမိုထုတ်လုပ်လာနိုင်ပြီဖြစ်သည်။ ထိုဒေသများသည် မိုးရေချိန်နည်းပါးသောကြောင့် မိုးရေကို အားကိုးပြီး စောင့်ဆိုင်းနေ၍ မရပေ။ ဆည်ရေကို ဖြည့်ဆည်းပေးဝေမှသာ ရာသီအလိုက် သီးနှံများ ထွက်ရှိလာနိုင်ပေသည်။

တောင်သူများမှာ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ အခါအားလျော်စွာ စိုက်ပျိုးထုတ်လုပ်လာနိုင်ကြပြီဖြစ်၍ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်းလက်တံမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ရေဝေရေလဲဒေသများ၌ သစ်တောများ ထိန်းသိမ်းကာကွယ်ရေးတို့ကို ဝန်ထမ်းများနှင့် ဒေသခံများ ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်သွားကြရမည်သာ ဖြစ်ပေသည်။ ။

အောက်တိုဘာ ၁၉ ရက်က ဝါးခယ်မမြို့နယ်တွင် ဆောက်လုပ်လျက်ရှိသော ဝါးခယ်မမြို့နယ် အသင်းရုံးခွဲနှင့် စာကြည့်တိုက် အဆောက်အအုံ ဘုရားခန်းအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပရာ ဦးစောကြိုင်–ဒေါ်ကြင်ရွှေ သားသမီးမြေးတစ်စုတို့က ပထမအကြိမ် အလှူငွေကျပ်တစ်သိန်း ကို အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်ကြည်(အငြိမ်းစား) ထံ ပေးအပ်လှူဒါန်းစဉ်။
(က–ပ)

ဖောင်တော်သီ အထက ရွှေရတုနှင့်အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ဖောင်တော်သီ အထက (၁၉၅၃–၂၀၀၃)ခု ရွှေရတုနှင့် (၁၄)ကြိမ်မြောက် သက်ကြီး အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၄ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းတွင် သင်ကြားခဲ့ဖူးသော ဆရာ၊ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လှူဒါန်းလိုပါလျှင် ဦးစိန်ထွန်း၊ ဦးအေးသိန်း မြောက်ဥက္ကလာပ၊ ဦးသိန်းကြည် ဖုန်း–၅၃၃၉၆၃၊ ဦးနေရှူး(ဘုရင့်နောင်)ဖုန်း–၆၈၀၃၄၀။ ဦးခင်မောင်စိုး ဖုန်း– ၀၅၂–၄၀၀၈၄၊ ဦးစံလှထွန်း ၀၅၂–၄၀၂၄၂၊ Ext–၇၇၊ ဦးကျော်ကျော်လွင် ၀၅၂–၄၀၂၄၂၊ Ext–၁၆၊ ဦးခင်မောင်ဇော်၊ ၀၅၂–၄၀၂၄၂၊ Ext–၁၄၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စက်ရေတွင်းတူးဖော်မှုကြည့်ရှု

ဖျာပုံ အောက်တိုဘာ ၂၀

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး မြို့ရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ၊ အောက်တိုဘာ ၁၃ ရက်က မြို့တွင်းလမ်းများ၊ အဖွဲ့ပိုင် ပန်းခြံနှင့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၁၅၈)**

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြား

ရန်ကုန် အောက်တိုဘာ ၂၉

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အောင်သုခကျောင်း နယ်စပ် ချင်းတောင်တန်း သာသနာပြုဆရာတော်များဖြစ်ကြသည့် အရှင်စန္ဒိမာဝံသ (ဇာနည်သွေး) သာသနတက္ကသိုလ ဓမ္မာစရိယ (B.A) ဆရာတော်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၃/၉၄)ရပ်ကွက်များတွင် အောက်တိုဘာ ၉ ရက်မှ ၁၁ရက်အထိ သုံးရက်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားခဲ့ကြောင်း သိရသည်။ **(က–ပ)**

ရွှေရတုဆွမ်းကြီးလောင်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၂လမ်း(အလယ်) မိသားစုများ၏ အကြိမ်(၅၀)မြောက် တန်ဆောင်တိုင်ဆွမ်းကြီးလောင်း၊ သင်္ကန်းကပ်လှူပွဲ ရွှေရတုပူဇော် သဘင်အခမ်းအနားကို (၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက်)နိုဝင်ဘာလ ၇ရက်တွင်ကျင်းပမည်ဖြစ်ရာ နံနက် ၉:၃၀နာရီတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာအရှင်သူမြတ် ၁၅ပါးတို့အား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ယင်းနေ့ ညနေ ၄နာရီတွင် လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ပင့်သံဃာ ၁၄၅ပါးတို့အား ဆွမ်းကြီးလောင်းလှူကြပြီးလျှင် ရွှေရတုပူဇော်သဘင် အခမ်းအနားကို ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရေထွက်ကုန်နှင့်မွေးမြူရေးထုတ်ကုန်ပစ္စည်းပြပွဲ၂၀၀၃ ရန်ကုန် ကုန်သွယ်မှုဇဟိုဌာန၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာ့ရေထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၃ ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌများက လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့ချုပ်များအလိုက် ဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြကြရာ နာယက အဖွဲ့ဝင် ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ် အမှာစကားပြောကြားသည်။

အဆိုပါ မြန်မာ့ရေထွက်ကုန်နှင့် မွေးမြူရေး ထုတ်ကုန်ပစ္စည်းပြပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်နှင့် ဝန်ထမ်းများ အောက်တိုဘာ ၂၁ ရက် ညနေက လောကမှန်ကူစေတီတော်မြတ်ကြီး၏ ပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြပြီး ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (၁၀၈)



၂၀၀၃ ခုနှစ် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီအစည်းအဝေးတွင် ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နှစ်ဦးနှစ်ဖက်အကျိုးရှိခဲ့တဲ့ ICT ပြပွဲ၊ လုပထင်ရှားကွမ်းလုံကြိုးတံတား၊ ဆီလီကွန်တောင်ကြား အရောက်သွားရာဝယ်၊ ပြည်ပ ဈေးကွက်၌ တွင်ကျယ်နေသည့် မြန်မာ့ကြိမ်ထည် စသည့် ပြည်တွင်းပြည်ပ သတင်းစုံလင်စွာဖြင့် သုတစွယ်စုံ စာအုပ်တိုက် အမှတ် ၉၊ ရေကျော်လမ်း ပုဇွန်တောင်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၀၅၁၂၊ ၂၀၂၀၈၉ က ဖြန့်ချိလိုက်သည့် ပြည်မြန်မာသတင်းဂျာနယ်အမှတ် ၃၈၅ မျက်နှာဖုံး။ (က-ပ)

အောင်လံမြို့နယ်အသင်းဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

အောင်လံမြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် ဘုံကထိန်ကို နေနတ်သားစာသင်တိုက် (ကိုးထပ်ကြီးဘုရားရှေ့) ဗားကရာလမ်း စမ်းချောင်းမြို့နယ်တွင် နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီအချိန်၌ ကျင်းပမည် ဖြစ်သည်။

အောင်လံမြို့နယ်သူ မြို့နယ်သားများ ကြည်ညိုကုသိုလ်ယူကြပါရန်နှင့် သက်န်း၊ ထီး၊ ဖိနပ် လှူဒါန်းလိုပါက ဦးကြော့မောင်မောင်ညွန့် ဖုန်း-၅၅၅၈၉၃နှင့် ဦးတင်ရှိန် ဖုန်း-၆၆၁၉၂၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက် (၇)လမ်း မိသားစု သံဃာ့ဒါနဆွမ်းလောင်းအဖွဲ့က ဝါတွင်းကာလ ဆွမ်းသိမ်းအောင်ပွဲအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ်ငါးသိန်းလှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

မြန်မာ့တုန်းတာကုန်စည်ပြပွဲ၌ပန်းချီပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာနတွင် ကျင်းပမည့် မြန်မာ့တုန်းတာ ကုန်စည်ပြပွဲတွင် ကုန်ပစ္စည်းများခင်းကျင်းပြသခြင်း၊ သရုပ်ပြရှင်းလင်းခြင်းတို့နှင့်အတူ ပန်းချီရေးဆွဲယှဉ်ပြိုင်ပွဲ အစီအစဉ်ကိုပါ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပန်းချီရေးဆွဲယှဉ်ပြိုင်ပွဲကို ထူးချွန်သော ပန်းချီပညာရှင်များ ပေါ်ထွက်ရေးအတွက် ရည်ရွယ်ပြီး သတ်မှတ်ထားသော ပြိုင်ပွဲခေါင်းစဉ်အလိုက် ပြပွဲရက်အတွင်းရေးဆွဲယှဉ်ပြိုင်ကြရမည်ဖြစ်ရာ ဝါသနာရှင်အဆင့်တွင် ဆောင်းရာသီအလှ၊ အထက်တန်းနှင့် အလယ်တန်းအဆင့်တွင် သဘာဝရှုမျှော်ခင်းနှင့် မူလတန်းအဆင့်တွင် ဆေးရောင်စုံခြယ်ခြင်း ခေါင်းစဉ်များ သတ်မှတ်ထားသည်။

ပြိုင်ပွဲတွင် ထူးချွန်သူများအား ဝါသနာရှင်အဆင့်တွင် ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ခုနစ်သောင်း၊ တတိယဆု ငါးသောင်း၊ အထက်တန်းအဆင့်တွင် ပထမဆု ကျပ်ခုနစ်သောင်း၊ ဒုတိယဆု ငါးသောင်း၊ တတိယဆု သုံးသောင်း၊ အလယ်တန်းအဆင့်တွင် ပထမဆု ကျပ်ငါးသောင်း၊ ဒုတိယဆု သုံးသောင်း၊ တတိယဆုနှစ်သောင်း၊ မူလတန်းအဆင့်တွင် ပထမဆု ကျပ်တစ်သောင်း၊ ဒုတိယဆုခုနစ်ထောင်၊ တတိယဆုငါးထောင်ချီးမြှင့်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများသည် နိုဝင်ဘာ ၁၅ ရက်နေ့ နောက်ဆုံးထား၍ တုန်းတာကုမ္ပဏီလီမိတက် တိုက် ၃၊ အခန်း ၄/၅၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ် ဖုန်း-၂၉၅၆၁၃၊ ၂၉၈၁၂၈ သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ကမ္ဘောဇသာသနာ့ဗိမာန်နှင့် တောင်ကြီးအသင်း(ရန်ကုန်) မဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ကမ္ဘောဇသာသနာ့ဗိမာန်နှင့် တောင်ကြီးအသင်း(ရန်ကုန်)တို့၏ ဆဋ္ဌမအကြိမ် မဟာဘုံကထိန်အလှူမင်္ဂလာပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် အမှတ် ၇၁/က-ခ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းရွှေတိဂုံဘုရားအရှေ့မုခ်အနီး ကမ္ဘောဇသာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေနှင့် ပစ္စည်းလှူဒါန်းလိုပါက ဖုန်း-၃၈၁၄၃၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အင်္ဂလိပ်စာအပြော၊ အရေး၊ သဒ္ဒါသင်တန်းများဖွင့်ပြီ

ရန်ကုန် အောက်တိုဘာ ၂၉

Quality English Language Centre(Q.E.L.C) မှ အင်္ဂလိပ်စကားပြောသင်တန်း(BSE)၊4-Skill (4SE)Grammar ၊ Reading and Writing(GRW) တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

IELTS,TOEFL နှင့် SAT သင်တန်းများကိုလည်း တစ်ဦးချင်း၊ သင်တန်းအလိုက် လစဉ်သင်ကြားပေးသည့်အပြင် တတိယတန်းမှ နဝမတန်းအထိ အင်္ဂလိပ်စာအရေး၊ အပြော၊နားထောင်၊ အဖတ်စွမ်းရည်၊ Vocabulary နှင့် Grammar စွမ်းရည်များကို အဓိကသင်ကြားပေးသော English Skills Foundation (ESF) သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဆရာဦးမောင်မောင်သိန်းB.A (English), Diploma in ELT, Cambridge Certificate in ELT [CEELT (II)] Q.E.L.Cအမှတ် (၁၅၆)၊ ၄ထပ်(ဝဲ) (4D)၊ အနော်ရထာလမ်းမ၊ ၄၆ နှင့် ၄၇ လမ်းကြား ဗိုလ်တထောင်မြို့နယ် ဖုန်း-၇၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ဦးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၂၃ ရက်က ဘောလုံးကွင်း ပတ်လမ်းကျောက်ချောလမ်း(မြို့ပြ) ခင်းရန်အတွက် မြေသားလမ်းပြင်ဆင်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

ရန်အောင်စာပေ ၃၄၃/၁၈ အနောက်ရန်ကင်း ဖုန်း-၇၂၂၅၇၂ က ဖြန့်ချိလိုက်သည့် ဆရာကြီးဦးမြဝင်း(ဿော်တာဝင်း)၏ အမှာစာနှင့်အတူ ဆရာမြင့်(စကြာမင်း) တိုင်းရင်းဆေးပညာ လေးဘာသာရေးသားပြုစုသော အရိုးကျီးပေါင်းရောဂါနှင့် မြန်မာ့တိုင်းရင်းဆေးပညာစာအုပ် မျက်နှာဖုံး။ (က-ပ)

▼ မိခင်လောင်းမှ

ထို့နောက် 'မောင်လူမွှေးနဲ့ မပန်းမှုန်ကလေးကဗျာများ' ဖြင့်ကလေးစာပေဆုရရှိသူ မင်းရွှေမင်း (အင်းစိန်) နှင့် ဆက်လက်သွားရောက်မေးမြန်းခဲ့သည်။မင်းရွှေမင်းက 'ယခုခေတ်တွင် ကလေးငယ်များသည်ဗီဒီယိုဇာတ်လမ်း ရုပ်ရှင်ဇာတ်လမ်းများဘက်၌ အာရုံရောက်ပြီးစာဖတ်အားနည်းလာကြောင်း၊ ထို့ကြောင့် ကလေးများ စာပေအပေါ် စိတ်ဝင်စားပြီး စာပေဘက်ကိုအာရုံရောက်လာအောင်ကလေးကဗျာများကို ရေးသားခြင်းဖြစ်ကြောင်း၊'မောင်လူမွှေးနှင့်မပန်းမှုန်' ကဗျာစာအုပ်တွင် ကဗျာတစ်ပိုဒ်တိုင်း တစ်ပိုဒ်တိုင်းကို သရုပ်ဖော်ရုပ်ပုံလေးများဖြင့် ဖော်ပြထားကြောင်း၊ ရောင်စုံပုံကလေးများဖြင့် ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ယခင်ကရေးသားခဲ့သည့် ကလေးစာပေထက် တစ်မူထူးအောင် စေတနာပါပါရေးသားခဲ့ကြောင်း၊ ကလေးသူငယ်များ သဘာဝပတ်ဝန်းကျင်ကို လေ့လာတတ်အောင်၊ ချစ်မြတ်နိုးတတ်အောင်၊ ထိန်းသိမ်းလာအောင်ဖွဲ့ဆိုထားသည့် ကဗျာများဖြစ်ကြောင်း၊ ဖတ်၍မှတ်၍ ကောင်းအောင်လည်း ဖွဲ့ဆိုထားပါကြောင်း၊ ကဗျာတိုင်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုဖော်ပြထား၍ ကလေးငယ်များ အင်္ဂလိပ်ဘာသာပါ လေ့လာနိုင်ကြောင်း၊ အမျိုးသားစာပေဆုကို ပထမဆုံးအကြိမ်ရရှိခြင်း ဖြစ်၍ အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း" ပြောကြားသည်။

ထိုမှတစ်ဖန် 'ပန်းပွင့်ကလေးများ မွှေးပါသည့် လက်ရွေးစင်လူငယ်ဝတ္ထုတိုများ'စာအုပ်ဖြင့် လူငယ်စာပေဆုရရှိသူ ရေနံမြေ မောင်မောင်ကြည်အား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

ရေနံမြေမောင်မောင်ကြည်က "အချို့လူငယ်များမှားနေတာလေးတွေ အမြင်မှန်ရဖို့ လူငယ်အကျိုးပြု စာပေကို အပင်ပန်းခံပြီး အချိန်ယူလေ့လာရေးသားခဲ့ရကြောင်း၊ ကိုယ်တိုင် ကွင်းဆင်းပြီး လူငယ်များနှင့် ထိတွေ့ပေါင်းသင်းကာ ဖြစ်ရပ်မှန်များကို တိတိကျကျ ဖော်ထုတ် ရေးသားထားကြောင်း၊ ပတ်ဝန်းကျင် ဖြစ်ရပ်များကိုလည်း ပေါင်းစပ် ထုံမွှမ်းထားကြောင်း၊ လူငယ်များစာပေ ဗဟုသုတကြွယ်ဝအောင်၊ အသိပညာ အလိမ္မာရှိအောင်၊ မိမိကိုယ်မိမိ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရည်ရွယ်ချက်ထားပြီး ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် ရည်မှန်းချက်ပေါက်မြောက်အောင် စေတနာထား ရေးသားထားကြောင်း၊လမ်းမှားရောက်နေသည့် လူငယ်များ လမ်းမှန်ရောက်ပြီး တိုင်းကျိုးပြည်ကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်အောင် ရေးသားထားကြောင်း၊ ပထမဆုံးအကြိမ် အမျိုးသားစာပေဆု ရရှိခြင်းဖြစ်၍ အတိုင်းမသိ ကြည်နူးဝမ်းသာဖြစ်ရပါကြောင်း၊ နောင်တွင်လည်း လူငယ် အကျိုးပြုစာပေများကို အထူးအလေးထားကြိုးစားရေးသားသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

တစ်ဖန် တတိယကမ္ဘာမှ ပထမကမ္ဘာသို့ စာအုပ်ဖြင့်ဘာသာပြန်(သုတ)ဆုရရှိသူ ဟိန်းလတ်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ဟိန်းလတ်က 'Business Information Group'၏ လိုအပ်ချက်အရ ဤ'တတိယကမ္ဘာမှ ပထမကမ္ဘာသို့' စာအုပ်ကို ရေးသားဖြစ်ခဲ့ကြောင်း၊ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူကိုယ်တိုင်ရေးသားခဲ့သည့် 'From The Third World To The First World'(Singapore Story)ကိုဘာသာပြန်ဆိုရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံသည် သုညကစတင်ခဲ့ရာမှ ယခုကဲ့သို့ တိုးတက်လာသည့်နိုင်ငံ ဖြစ်ကြောင်း၊ အတုယူစရာတွေ အများကြီးရှိသကဲ့သို့ ရှောင်စရာဆောင်စရာများလည်းရှိကြောင်း၊ မြန်မာစာဖတ်ပရိသတ်ရှောင်နိုင်ဖို့နှင့် ဆောင်နိုင်ဖို့ ဘာသာပြန်ဆို ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း၊ ဘာသာပြန်(သုတ)စာပေများ အထွက်နည်းနေသဖြင့် တစ်ဖက်တစ်လမ်းမှ ဘာသာပြန်(သုတ)စာပေဘက်တွင် အထောက်အကူပြုနိုင်အောင် ဤစာအုပ်ကိုရေးသားခြင်းဖြစ်ကြောင်း၊ ၁၉၆၅ ခုနှစ်ကတည်းကစပြီး စာရေးခဲ့ကြောင်း၊ယခုအထိလုံးချင်း ၅၅ အုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ကြောင်း၊ အမျိုးသားစာပေဆုကို ပထမဦးဆုံး ရရှိခဲ့ခြင်းဖြစ်၍ အထူးပင်ဝမ်းသာကြောင်း ပြောကြားသွားသည်။

ထို့မှဆက်လက်၍'မျက်စိကျန်းမာလူချမ်းသာ'စာအုပ်ဖြင့် သုတပဒေသာ (အသုံးချသိပ္ပံ)ဆုရရှိသူဒေါက်တာထွန်းအောင်ကျော်(မျက်စိ)ထံသွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ဒေါက်တာထွန်းအောင်ကျော်(မျက်စိ) က မျက်စိကျန်းမာရေးဗဟုသုတကို လူအများသိစေချင်ကြောင်း၊ ဗဟုသုတခေါင်းပါး၍ မျက်စိကွယ်ရခြင်းမျိုး မဖြစ်စေချင်ကြောင်း၊ မျက်စိကွယ်စေတတ်သည့် အကြောင်းတရားတွေကို သိအောင်၊ မျက်စိမကွယ်ဖို့ ဆင်ခြင်နိုင်အောင် ဤစာအုပ်ကို ရေးသားထုတ်ဝေခဲ့ကြောင်း၊ စာအုပ်နှစ်အုပ်ထုတ်ဝေခဲ့ဖူးကြောင်း၊ ၁၉၇၆ ခုနှစ်ခန့်က မျက်စိပညာပေး စာအုပ်တစ်အုပ်ရေးသားခဲ့ဖူးကြောင်း၊ယခင်ရေးသားခဲ့သည့် စာအုပ်နှင့် ယခု စာအုပ်ကြားကာလ မျက်စိပညာ တိုးတက်လာသည်ကိုသိအောင်တင်ပြထားကြောင်း၊ အတွင်းတိမ်၊ရေတိမ်၊ မျက်ခမ်းစပ်၊ မျက်စိဒဏ်ရာရ ကလေးများတွင်ဖြစ်တတ်သည့် မျက်စိရောဂါ၊ ကိုယ်ခံအားကျဆင်းမှုကူးစက်ရောဂါ(အေအိုင်ဒီအက်စ်)နှင့် ဆက်နွယ်သည့် ရောဂါတို့အကြောင်း သိကောင်းစရာများကို ရှာဖွေဖော်ထုတ်ရေးသားထားပါကြောင်း၊ ယခုစာအုပ်သည် မိမိအမျိုးသား စာပေဆု ပထမဦးဆုံးရရှိသည့် စာအုပ်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း" ပြောကြားသွားသည်။ ။

စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ဗိုလ်တထောင်မြို့နယ် သံလျှက်စွန်းလမ်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးဦးစီးဌာန၏ စည်ပင်သာယာရေး လုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။(**အောက်ပုံ**)

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်းမှာကြားသည်။

ညနေပိုင်းတွင် စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးမျိုးမြင့်က ၂၀၀၃ ခုနှစ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် သုံးသပ်ဆွေးနွေး တင်ပြပြီးနောက် ပထမနေ့အစည်းအဝေး အစီအစဉ်ကို ရပ်နားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို အောက်တိုဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး တတိယနေ့ကို အောက်တိုဘာ၂၉ ရက်နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာနနှင့် ပြည်နယ်/တိုင်း လုပ်ငန်းဆိုင်ရာများကို အသေးစိတ်ညှိနှိုင်းကြပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတရုံး မဟာဘုံကထိန်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် သုခရိပ်သာကျောင်းတိုက်တွင် ကထိန်ခင်းသည့်နိုင်ငံတော်သမ္မတရုံးဝန်ထမ်းမိသားစုများ၏ မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အလုံလမ်း သမ္မတ အိမ်တော်ဝင်း ဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများက ပင့်သံဃာတော် ၁၀ ပါးအား ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်း၍ နေ့ဆွမ်း ဆက်ကပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▼ ၂၀၀၂ ခုနှစ်မှ

အခြားစာတမ်းများ'၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ) ဆုတွင် ဒေါက်တာကျော်သန်းထွန်း(ရန်ကုန်ဆေးတက္ကသိုလ်)၏ 'သိပ္ပံနည်းကျ ကမ္ဘာ့တိုင်းရင်းဆေး'၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာထွန်းအောင်ကျော်(မျက်စိ)၏ 'မျက်စိကျန်းမာလူချမ်းသာ'တို့က အသီးသီးရရှိကြသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု၊ ပြဇာတ်စာပေဆုနှင့် နိုင်ငံရေးစာပေဆုတို့တွင် ဆုဆွတ်ခူးနိုင်ခြင်းမရှိကြောင်းသိရသည်။

ဆုရရှိကြသော စာရေးဆရာများသည် ရန်ကုန်မြို့၊ အမှတ် ၅၂၉၊၅၃၁၊ ကုန်သည်လမ်း၊ စာပေဗိမာန်၊ ဖုန်း– ၂၅၂၅၆၀၊၂၄၀၀၄၈နှင့် ၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို စာဆိုတော်နေ့အကြို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဆုရသူများသည် နိုဝင်ဘာ ၇ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ စာပေဗိမာန်၊ စာတည်းမှူးချုပ်ထံ သတင်းပို့ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝန်ထမ်းမိသားစု ကထိန်လျာသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၈နာရီခွဲတွင်ရန်ကုန်မြို့ ကမ်းနားလမ်း ခြောက်ထပ်ရုံးရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၌ ကျင်းပရာ လှိုင်မြို့နယ်သီရိမင်္ဂလာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမန အမှူးပြုသောသံဃာတော် အရှင်သူမြတ်များကြွရောက်ချီးမြှင့်တော်မူကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေ၊ ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးကောင်းညွန့်နှင့်ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌဒေါက်တာသန်းညွန့်နှင့်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်နှင့်ဧည့်သည်တော်များ၊ဝန်ထမ်းမိသားစုများက ဆရာတော်၊သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒါတွေကိုသိဖို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့

❖ ခြောက်တိုင်းလည်း မကြောက်နဲ့

❖ ချော့တိုင်းလည်း မပျော့နဲ့

မြန်မာ့ရေထွက်ကုန်နှင့်မွေးမြူရေးထုတ်ကုန်ပစ္စည်းပြပွဲတွင် အင်တာနက်နှင့်အီးမေးလ် အခမဲ့သုံးစွဲခွင့်ပြုမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ကုန်သွယ်မှု ဗဟိုဌာနတွင် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပမည့် မြန်မာ့ရေထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းပြပွဲ–၂၀၀၃ တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပို့ကုန်မြှင့်တင်ရေးဌာနနှင့် e Trade Myanmar တို့ပူးပေါင်း၍ မြန်မာ့ရေလုပ်ငန်းရှင်ကြီးများနှင့်အခြားစီးပွားရေးလုပ်ငန်းရှင်ကြီးများ အကျိုးရှိစေရန် သတင်းအချက်အလက်များ၊ဈေးနှုန်းများ၊ အခြားလိုအပ်သော သတင်းများ ရှာဖွေနိုင်ရန်နှင့် e-Mail ကြည့်ရှုနိုင်ရန်အတွက် ပြပွဲကာလအတွင်း အင်တာနက်ကို အခမဲ့ သုံးစွဲခွင့်ပြုမည်ဖြစ်သည်။

ထို့ပြင် ပြပွဲကာလအတွင်း www.e Trade Myanmar.com တွင်အသင်းဝင်လိုသူများအတွက်လည်း ၂၅ ရာခိုင်နှုန်းလျှော့ပေးပြီး mail 4u e-mail တစ်ခု(သို့) ၁၅ နာရီ အင်တာနက်ကြည့်ခွင့်ကတ်တစ်ကတ် လက်ဆောင်ပေးမည်ဖြစ်သည်။ အသေးစိတ်ကို မြန်မာ့ရေထွက်ကုန်နှင့် မွေးမြူရေး ထုတ်ကုန်ပစ္စည်းပြပွဲ–၂၀၀၃ ကုန်သွယ်မှုဗဟိုဌာန ဒုတိယထပ်တွင် ပြပွဲချိန်အတွင်း (သို့) e Trade Myanmar အဆောင်(၄)၊ အခန်း(၈)၊ MICT Park ဖုန်း–၀၁–၆၅၂၂၈၃၊ ၀၉၅၀၀-၂၈၄၂ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)နှင့်မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက်ရန်ကုန်တိုင်းအခြေခံပညာကျောင်းပေါင်းစုံ ဂူရှူးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်) ခေတ္တ ညွှန်ကြားရေးမှူးချုပ်ဦးအေးမြင့်ကအသက်(၁၂)နှစ်အောက်ချန်းစု(မ) ပြိုင်ပွဲ၌ ပထမဆုရရှိသွားသော သန့်စူဇန် (အထက–၂၊ စမ်းချောင်း)အား ဆုချီးမြှင့်စဉ်။

(က–ပ)

အောက်တိုဘာ ၂၉ရက်က ဒေါပုံမြို့နယ်အတွင်း ကိုးလမှ ၅နှစ်အရွယ်ကလေးများအား အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးခြင်း အခမ်းအနားကျင်းပရာ ကလေးများအား ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးစဉ်။ (က–ပ)

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဂေါက်သီးရိုက်ပြီး ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အဂ်လန်လိဂ်ဖလားဘောလုံးပြိုင်ပွဲ

အင်္ဂလန်လိဂ်ဖလားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်က ဆက်လက်ပြုလုပ်ရာ နာမည်ကြီး မန်ချက်စတာယူနိုက်တက်၊ အာဆင်နယ်တို့ အပါအဝင် ပရီမီးယားရှစ်ပြိုင်ပွဲဝင် အသင်းများ အနိုင်ရကြသည်။

မန်ယူအနိုင်ရ

ယမန်နှစ်လိဂ်ဖလားပွဲတွင် ဒုတိယရခဲ့သူ နာမည်ကြီး မန်ယူက လိဒ်စ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရာ တစ်ဂိုးစီသရေကျသောကြောင့် အချိန်ပိုကစားပြီးမှ သုံးဂိုး-တစ်ဂိုးဖြင့် မန်ယူနိုင်သည်။ မန်ယူဂိုးများကို ဘယ်လီယွန်၊ ဖော်လန်နှင့် ဂျမ်ဘာဂျမ်ဘာတို့ သွင်းကြသည်။

အာဆင်နယ်ပယ်နယ်တီနှင့်နိုင်

အာဆင်နယ်က ပထမတန်းမှ ရော်တာဟမ်ကို တစ်ဂိုးစီသရေကျနေရာ အချိန်ပိုကစားပြီးသည်အထိ သရေပွဲဖြစ်နေသောကြောင့် ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရာ အာဆင်နယ်က ကိုးဂိုး-ရှစ်ဂိုးဖြင့်နိုင်သည်။

ပထမတန်းမှ ဘရစ္စတိုးလ်စီတီးကို ဆောက်သမ်တန်က သုံးဂိုး-ဂိုးမရှိ ဖြင့်နိုင်ရာ ဂျိမ်းဘီတီ၊ ဟော်ကရော့နှင့် လေဘော့စ်တို့ ဂိုးသွင်းကြသည်။

မန်စီတီးကလည်း ပထမတန်း ကွင်းစ်ပတ်ရိန်းဂျားကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဘော်လတန်ကလည်းဂျီလင်ဟမ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သကဲ့သို့ ဝုဖ်စ်ကလည်း ဘန်လေကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။

ရီးယဲမက်ဒရစ်သရေ

စပိန်လာလီဂါပြိုင်ပွဲ ဆက်လက်ပြုလုပ်ရာ ဇာရာဂိုရာနှင့် ချန်ပီယံ ရီးယဲမက်ဒရစ် ဂိုးမရှိသရေကျသွားသည်။ (က-ပ)

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲတတိယပွဲစဉ်ဖွင့်လှစ်ပေး

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2003)၏ တတိယပွဲစဉ် Kanbawza Open Golf Championship ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် တောင်ကြီး အမှတ်(၂) တပ်မတော် ဂေါက်ကွင်း (အေးသာယာဂေါက်ကွင်း) ၌ ကျင်းပသည်။

ဖွင့်ပွဲတွင်ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံ (၁၀) (10th TEE)၌ နေရာယူထားကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်၊ M.P.G.A နှင့် M.G.Fအမှုဆောင် ဦးကိုကိုလေး၊ Rothmans of Pall Mall Myanmar Pte.,Ltd.မှ Regional Sales မန်နေဂျာ ဦးတင်ထွန်းဦး၊ Kanbawza Bank Ltd. တောင်ကြီးဘဏ်ခွဲ G.M ဦးစံမောင်နှင့် Eden Group Co., Ltd.မှ G.M ဦးကျော်စိုးထွန်းတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီး၌ Professional Golfer's ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက်၇၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင် (Srixon) က ၇၂ချက်ဖြင့် ဒုတိယလိုက်ပြီး နန္ဒကျော်(Y.C.D.C)က ၇၃ ချက်ဖြင့် တတိယလိုက်ကာ၊ မြင့်သောင်း (K.M Golf Centre) က ၇၄ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင်ယဉ်အောင်လတ်က ၇၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ကျော်သီဟနှင့် အောင်အောင်ကျော် တို့က ၇၅ ချက်စီဖြင့် ဒုတိယလိုက်ပြီး ငွေအောင်ငွေ က ၇၆ ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲကို Rothmans of Pall Mall Myanmar Pte.,Ltd.၊ KBZ Bank Ltd.၊ Air Mandalay၊ Grand Slam(Munsing Wear)၊ Loi-Hein(Alpine)၊ K.M Golf Centre၊ Marumanနှင့် Wilson၊ Canon၊ UPG၊ Eden Group Co.,Ltd. တို့က အသီးသီး ပံ့ပိုးကူညီကြသည်။

ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၈နာရီတွင် အမှတ်(၂)တပ်မတော်ဂေါက်ကွင်း (အေးသာယာဂေါက်ကွင်း)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

တတိယပွဲစဉ် ဖြစ်မြောက်အောင်မြင်ရေး အတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၂၉ ရက်က ရန်ကုန်မြို့ အမျိုးသားရေကူးကန်ဝင်းအတွင်း၌ ကျင်းပသည့် ၂၀၀၃ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုဖလား ရရှိသော ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (အား/ကာ)

ပန်းချီသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ဦးမောင်မောင်သိမ်း(ပုသိမ်)၏ ပန်းချီဝါသနာရှင်များအတွက် Sunflower က စီစဉ်သည့် အခြေခံပန်းချီ သဘောတရားရေးသင်တန်းတွင် အမေးအဖြေပုံစံဖြင့် လက်တွေ့ရေးဆွဲရှင်းလင်း ပို့ချသင်ကြားသွားမည်ဖြစ်သည်။ ခဲ၊ မင်၊ ရေဆေး၊ ဆီဆေး စသည်များကို နိုင်ငံတကာ ပညာရှင်ကြီးများ၏ ပန်းချီကားချပ်များဖြင့် ရှင်းလင်းပို့ချမည်ဖြစ်သည်။

လာမည့်နိုဝင်ဘာလဆန်းတွင် တစ်ပတ် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)ညနေ၄နာရီခွဲမှ ၆နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ရာ အမှတ်၇၂၊အောင်မင်းခေါင်လမ်း ၁လမ်း၊ သံလွင်လမ်း (ဝင်ဒါမီယာ)ဖုန်း-၅၃၄၂၇၁နှင့် ၆၆၀၃၇၅ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်စွမ်းရည်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အကြိုလှုပ်ရှားမှုဖြစ်သည့် မသန်စွမ်းသူများ၏ စွမ်းရည်ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မသန်စွမ်းသင်တန်းကျောင်းများမှ ဘက်စုံထူးချွန်သူများ အားဆုချီးမြှင့်ခြင်း၊ ထူးချွန်မသန်စွမ်းသူများအား ဆုချီးမြှင့်ခြင်းများဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသဖြင့် စေတနာရှင်များသည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရေးကော်မတီ လူမှုဝန်ထမ်းဦးစီးဌာန အမှတ် ၆၄၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၆၆၂၅၉၁၊ ၆၆၃၃၉၂၊ ၆၆၂၈၉၉တို့ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရွှေတောင်စာအုပ်တိုက်၊ အမှတ်(၉၀/၉၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၄၂၈၃၃က ထုတ်ဝေဖြန့်ချိသော ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)၏ နာမည်များနှင့် ထပ်မံစကားပြောခြင်း စာအုပ်မျက်နှာဖုံး။ (က-ပ)

မင်္ဂလာညစာခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၂၆-၁၀-၂၀၀၃ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာခံပွဲတွင် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးခဲ့သော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် ဇနီး ဒေါ်ခင်ဝင်း၊ မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ပေးကြသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး၊ မင်္ဂလာညစာခံပွဲသို့ ကြွရောက် ချီးမြှင့်ပေးခဲ့ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်ကြိုင်ထွန်း၊ ဗိုလ်ချုပ်စောလွင်နှင့်ဇနီး၊ မေတ္တာဖြင့်ရတနာဆင်မြန်းပေးသော အန်တီဒေါ်ခင်မြဦး(ရတနာမုခ)နှင့် အတူ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော နှစ်ဖက်သောမိဘဆွေမျိုး၊ သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇင်အောင်-မခိုင်ခိုင်မြင့်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမျိုးလွင်-ဒေါ်ကေသွယ်ညွန့်တို့၏သား
မောင်ဇာနည်မျိုးညွှန့်
နှင့်
ရန်ကုန်မြို့နေ ဦးကျော်စိုး-ဒေါ်ခင်နွဲ့ရည်တို့၏သမီး
မမြတ်သဥ္ဇာကျော်
တို့သည် ၂၈-၁၀-၂၀၀၃ နေ့တွင် ရန်ကုန်တိုင်းတရားရုံးချုပ် တရားသူကြီးရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

မောင်ဇာနည်မျိုးညွှန့်-မမြတ်သဥ္ဇာကျော်

အထက(၂)ကြည့်မြင်တိုင်၊(ဟုမ်းလမ်း/ထီးတန်း)
ကျောင်းသား ကျောင်းသူဟောင်းများ၏
(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်
နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူ
ကျောင်းသား ကျောင်းသူဟောင်းများ

ဂုဏ်ပြုပွဲဖိတ်ကြားလွှာ

အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း/ထီးတန်း)တွင် ၁၉၅၁ မှ ၁၉၈၁ အထိ ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းက ယင်းကျောင်းတွင် ၁၉၅၁ မှ ၁၉၇၁ အထိ ပညာပို့ချခဲ့သော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပြီး နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော ကျောင်းသား ကျောင်းသူဟောင်းများနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် နှစ်ဘာသာ အထက် ဂုဏ်ထူးရသူ (၁၀)တန်းအောင် ကျောင်းသား ကျောင်းသူတို့အား ဂုဏ်ပြုပွဲကို အောက်ပါအစီအစဉ်အရ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၈-၁၁-၂၀၀၃(အမျိုးသားအောင်ပွဲနေ့)
အချိန် - နံနက် ၁၁:၀၀ နာရီ
နေရာ - အထက(၂)ကြည့်မြင်တိုင်(ခန်းမ)

(ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများထံ သီးခြားဖိတ်စာပေးပို့ပါမည်။ ဖိတ်စာအချိန်မီ မရရှိပါကလည်း ကြွရောက်အပူဇော်ခံယူပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများထံ သီးခြား ဖိတ်စာမပို့ပါ။)

ကျောင်းသား ကျောင်းသူဟောင်းများအသင်း
အထက(၂)ကြည့်မြင်တိုင်
(ဟုမ်းလမ်း/ထီးတန်း)

စာရင်းပြုစုထုတ်လုပ်ခြင်းသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် တောင်သူလယ်သမားများဖြေကြားသည့် မေးခွန်းလွှာများအပေါ် ကွန်ပျူတာဖြင့် စာရင်းပြုစု ထုတ်လုပ်ခြင်း လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ သင်တန်းသား စုစုပေါင်း ၅၆ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းပေါင်းစုံကြက်တောင်ရိုက်ပြိုင်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၉

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်နှင့် ဂရိတ်ဝေါ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းအခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက မြို့မကြက်တောင်အားကစားရုံတွင် ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အခြေခံပညာ ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်အားကစားမောင်မယ်များတက်ရောက်ကြသည်။

ယခုပြိုင်ပွဲတွင် ထူးချွန်ပြီး အလားအလာရှိသည့် ကစားသမားများကို မြန်မာနိုင်ငံ ကြက်တောင်အားကစား အဖွဲ့ချုပ်မှ နှစ်ပတ်လည်ထောက်ပံ့ကြေးအဖြစ်တစ်လလျှင်တစ်သောင်းခွဲအပြင်ရန်ကုန်တိုင်းတွင် ဖွင့်လှစ်သည့် မည်သည့် ကြက်တောင်သင်တန်းကိုမဆို အခမဲ့ တက်ရောက်နိုင်ရန် ပံ့ပိုးချီးမြှင့်မည်ဟု သိရသည်။ (က-ပ)

ရန်ကုန်တိုင်း အခြေခံ ပညာကျောင်းပေါင်းစုံ ကြက် တောင်ရိုက် ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်က မြို့မ ကြက်တောင် အားကစားရုံတွင် ဆက်လက်ကျင်းပရာအမျိုးသမီး ပြိုင်ပွဲ၌ အနောက်ပိုင်းခရိုင် (က) အသင်းမှ ဖူးပွင့်ခံ ယှဉ်ပြိုင်စဉ်။ (က-ပ)

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာ့အားကစားမောင်မယ်များဆင်နွှဲမည်

အရှေ့တောင်အာရှဒေသ၏ အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ရာ (၂၂)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ (၂၂)ကြိမ် ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲဟု ခေါ်တွင်ခဲ့သည်။ အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲ အမည်ဖြင့် ကျင်းပစဉ်က မြန်မာ

(၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဆုတံဆိပ်ရရှိမှုအခြေအနေ

စဉ်	အားကစားနည်း	ရွှေ	ငွေ	ကြေး	ပေါင်း	မှတ်ချက်
၁	အလေးမ	၄	၁		၅	
၂	ဝူရှူး	၃	၂	၄	၉	
၃	သေနတ်ပစ်	၃	၁	၅	၉	
၄	ရွက်လှေ	၃		၁	၄	
၅	ဂျူဒို	၂		၅	၇	
၆	ပြေးခုန်ပစ်	၁	၄	၄	၉	
၇	ရေကူး	၁	၂		၃	
၈	လှေလှော်	၁	၁	၃	၅	
၉	တိုက်ကွမ်ဒို	၁	၁	၂	၄	
၁၀	ကရာတေးဒို		၁	၇	၈	
၁၁	ပိုက်ကျော်ခြင်း		၁	၂	၃	
၁၂	ဘိလိယက်		၁		၁	
၁၃	လက်ဝှေ့			၆	၆	
၁၄	သိုင်း			၅	၅	
၁၅	မြားပစ်			၃	၃	
၁၆	ဘောလုံး			၂	၂	
၁၇	ဘော်လီဘော			၁	၁	
၁၈	မြင်းစီး			၁	၁	
၁၉	တင်းနစ်			၁	၁	
၂၀	ကြက်တောင်ရိုက်					
၂၁	စားပွဲတင်တင်းနစ်					
၂၂	စက်ဘီး					
၂၃	ဂေါက်သီး					
၂၄	ဘိုးလင်း					
စုစုပေါင်း		၁၉	၁၅	၅၂	၈၆	

မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်၌ ကျင်းပမည်ဖြစ်သော်လည်း အမျိုးသား ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဖွင့်ပွဲမတိုင်မီ ကြိုတင်ကျင်းပမည်ဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း သက်တမ်းအရင့်ဆုံး ပြိုင်ပွဲကြီးဖြစ်သည်။ ပထမဆုံးအကြိမ် ပြိုင်ပွဲကို အားကစားအဖွဲ့ အောင်မြင်မှု မြင့်မြင့်မားမားရရှိခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၆၁ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွှေတံဆိပ် ၃၅ခု၊ ငွေတံဆိပ် ၂၄ခုနှင့်ကြေး တံဆိပ် ၂၂ခုရရှိပြီး ခုနစ်နိုင်ငံတွင် နိုင်ငံအလိုက် ပထမရရှိခဲ့သည်။

၁၉၆၉ခုနှစ်တွင် ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ဒုတိယအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ ရွှေတံဆိပ် ၅၇ခု၊ ငွေတံဆိပ်၄၆ခုနှင့် ကြေးတံဆိပ် ၄၃ခု ရရှိခဲ့သည်။ ခြောက်နိုင်ငံ ပါဝင်ယှဉ်ပြိုင်သည့်အနက် နိုင်ငံအလိုက် ပထမရရှိခဲ့သည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပခဲ့သည့်သမိုင်းတစ်လျှောက်၌ မြန်မာနိုင်ငံက ပဉ္စမအကြိမ်၌ ဆုတံဆိပ်အများဆုံးဆွတ်ခူးရရှိခဲ့သည်။

၂၀၀၁ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၄မျိုးပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၉ခု၊ ငွေတံဆိပ်၁၅ခု၊ ကြေးတံဆိပ် ၅၂ခု စုစုပေါင်း ဆုတံဆိပ် ၈၆ခု ရရှိခဲ့သည်။ ၁၉၇၉ ခုနှစ် ဒသမအကြိမ် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်း ၂၄မျိုးမှာ မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်နှင့် စနူကာ၊ ကာယဗလ၊ လက်ဝှေ့၊ စစ်တုရင်၊ ဘောလုံး၊ကျွမ်းဘား၊ဂျူဒို၊ကရာတေးဒို၊ ကနူးကယက်၊ လှေလှော်၊ ရိုးရာလှေလှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ သေနတ်ပစ်၊ Shuttlecock Kicking၊ စားပွဲတင် တင်းနစ်၊ သိုင်း၊ ဘော်လီဘော၊ အလေးမနှင့် ဝူရှူးတို့ ဖြစ်သည်။

မြန်မာနိုင်ငံမှ အားကစားနည်း ၂၄မျိုးတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အားကစားအဖွဲ့ချုပ် ၂၁ခုမှ အားကစားသမားအမျိုးသား ၁၈၀၊ အမျိုးသမီး ၁၃၃ဦး စုစုပေါင်း ၃၁၃ဦးတို့ကို

ကိုတွေး

မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၆ခုရရှိပြီးနောက် ၂၂နှစ်အကြာတွင် ရွှေတံဆိပ် အရေအတွက် အများဆုံး ၁၉ခု ရရှိခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၅ မျိုးထည့်သွင်း ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ အားကစားနည်း ၂၄မျိုး၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။ အားကစားအဖွဲ့ချုပ် အချို့ကအားကစားသမားများကို နိုင်ငံခြားသို့စေလွှတ်၍ လေ့ကျင့်လျက်ရှိသည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ ကစားပြိုင်ပွဲတွင် ပထမဆုံးပါဝင်လာသော အားကစားနည်းမှာ စစ်တုရင်နှင့် Shuttlecock Kicking အားကစားနည်းဖြစ်သည်။ Shuttlecock Kicking အားကစားနည်းသည် ပိုက်ကျော်ခြင်း အားကစားနည်းထဲမှ အမျိုးအစားတစ်ခုဖြစ်ပြီး ပိုက်တန်း၍ ကြက်တောင်ကို ခြေဖြင့်ခတ်ကစားခြင်းဖြစ်သည်။

(၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၄မျိုးပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက်မှ အားကစားနည်း ၁၉ခုတွင် ဆုတံဆိပ်ရရှိခဲ့ပြီး အားကစားနည်း ငါးမျိုး၌ ဆုတံဆိပ်မရရှိခဲ့ပေ။ ဆုတံဆိပ်ရရှိခဲ့သော အားကစားနည်းများမှာ အလေးမ၊ ဝူရှူး၊ သေနတ်ပစ်၊ ရွက်လှေ၊ ဂျူဒို၊ ပြေးခုန်ပစ်၊ ရေကူး၊ လှေလှော်၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်၊ လက်ဝှေ့၊ သိုင်း၊မြားပစ်၊ဘောလုံး၊ ဘော်လီဘော၊ မြင်းစီးနှင့် တင်းနစ်တို့ဖြစ်ကြသည်။ ဆုတံဆိပ်မရခဲ့သော အားကစားနည်းများမှာ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်၊ စက်ဘီး၊ ဂေါက်သီးရိုက်နှင့် ဘိုးလင်းတို့ ဖြစ်သည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် (၂၁)ကြိမ်မြောက် ပြိုင်ပွဲ၌ ဆုရရှိခဲ့ကြသောရွက်လှေနှင့် မြင်းစီး မပါဝင်ပေ။ မြင်းစီးနှင့် ရွက်လှေပြိုင်ပွဲကို အိမ်ရှင် ဗီယက်နမ်နိုင်ငံက မထည့်သွင်း၍ မပြိုင်ရခြင်းဖြစ်သည်။ ဆုမရခဲ့သည့် အားကစားနည်း ငါးမျိုးအနက်မှ စားပွဲတင်တင်းနစ်အားကစားနည်းကို ထပ်မံစေလွှတ်မည်ဖြစ်သည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများအနက် အလေးမ၊ ဝူရှူး၊ သေနတ်ပစ်၊ ဂျူဒို၊ ပြေးခုန်ပစ်၊ ရေကူး၊ လှေလှော်နှင့် တိုက်ကွမ်ဒိုအားကစားနည်းတို့သည် (၂၁)ကြိမ်မြောက် ပြိုင်ပွဲတွင် ရွှေတံဆိပ် ရရှိခဲ့သည့် နည်းတူ (၂၂)ကြိမ်တွင်လည်းရွှေတံဆိပ် ဆွတ်ခူးနိုင်သည့် အလားအလာရှိသည်။

(၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသား ဘောလုံးအသင်းနှင့် အမျိုးသမီးဘောလုံးအသင်းတို့ ကြေးတံဆိပ်ကိုယ်စီရရှိခဲ့ကြရာ ယခုပြိုင်ပွဲတွင် ရွှေတံဆိပ်မျှော်မှန်းနိုင်သော အခြေအနေတွင် ရှိပေသည်။ (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သော ဝူရှူး အားကစားမယ် ခိုင်ခိုင်မော်၊ ငွေတံဆိပ်ရရှိခဲ့သော အလေးမအားကစားမယ် ကေသီဝင်း၊ ကြေးတံဆိပ်ရရှိခဲ့သော ကာယဗလ မောင် မင်းဇော်ဦးတို့ အောင်မြင်မှုရရှိနိုင်သလို (၁၅)ကြိမ်မြောက် အာရှတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သော အပြေးမယ် ယဉ်ယဉ်ခိုင်သည်လည်း ရွှေတံဆိပ်မျှော်မှန်းနိုင်သည်။

အဆိုပါ အားကစားနည်းများအပြင် ဘိလိယက်နှင့် စနူကာ၊ စစ်တုရင်၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ မြားပစ်၊ သိုင်းနှင့် လက်ဝှေ့အားကစားနည်းတို့သည်လည်း ဆုတံဆိပ်ရရှိနိုင်ရန် အလားအလာ ကောင်းနေသည်။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရန် တစ်လခန့်သာ လိုတော့သည်ဖြစ်ရာ လေ့ကျင့်ပြင်ဆင်မှုများကို ပြင်းပြင်းထန်ထန် အာရုံစိုက် လုပ်ဆောင်ရမည့် အနေအထားပင်ဖြစ်သည်။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ မြန်မာ့အားကစားမောင်မယ်များ၏ အောင်မြင်မှုကို ပြည်သူများက စောင့်မျှော်နေကြပြီ ဖြစ်သည်။ ။

(၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

စဉ်	နိုင်ငံအမည်	ရွှေ	ငွေ	ကြေး	ပေါင်း
၁	မလေးရှား	၁၁၁	၇၅	၈၅	၂၇၁
၂	ထိုင်း	၁၀၃	၈၆	၈၉	၂၇၈
၃	အင်ဒိုနီးရှား	၇၂	၇၄	၈၀	၂၂၆
၄	ဗီယက်နမ်	၃၃	၃၅	၆၄	၁၃၂
၅	ဖိလစ်ပိုင်	၃၀	၆၆	၆၇	၁၆၃
၆	စင်ကာပူ	၂၂	၃၁	၄၂	၉၅
၇	မြန်မာ	၁၉	၁၅	၅၂	၈၆
၈	လာအို	၁	၃	၇	၁၁
၉	ကမ္ဘောဒီးယား	၁	၁	၅	၇
၁၀	ဘရူနိုင်း	၀	၅	၆	၁၁
စုစုပေါင်း		၃၉၂	၃၉၁	၄၉၇	၁၂၈၀

အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှရရှိခဲ့သည့်ဆုတံဆိပ်စာရင်း

စဉ်	အကြိမ်	ခုနှစ်	အိမ်ရှင်နိုင်ငံ	ပါဝင်သည့်နိုင်ငံ	ရွှေ	ငွေ	ကြေး	အဆင့်
၁	ပထမအကြိမ်	၁၉၅၉	ထိုင်း	၆	၁၁	၁၅	၁၄	၂
၂	ဒုတိယအကြိမ်	၁၉၆၁	မြန်မာ	၇	၃၅	၂၄	၂၂	၁
၃	တတိယအကြိမ်	၁၉၆၅	မလေးရှား	၇	၁၈	၁၄	၁၆	၄
၄	စတုတ္ထအကြိမ်	၁၉၆၇	ထိုင်း	၆	၁၁	၂၅	၃၂	၄
၅	ပဉ္စမအကြိမ်	၁၉၆၉	မြန်မာ	၆	၅၇	၄၆	၄၃	၁
၆	ဆဋ္ဌမအကြိမ်	၁၉၇၁	မလေးရှား	၇	၂၀	၂၈	၁၃	၄
၇	သတ္တမအကြိမ်	၁၉၇၃	စင်ကာပူ	၇	၂၈	၂၄	၁၅	၄
၈	အဋ္ဌမအကြိမ်	၁၉၇၅	ထိုင်း	၄	၂၈	၃၆	၃၇	၃
၉	နဝမအကြိမ်	၁၉၇၇	မလေးရှား	၇	၂၁	၁၇	၂၁	၅
၁၀	ဒသမအကြိမ်	၁၉၇၉	အင်ဒိုနီးရှား	၇	၂၆	၂၅	၂၄	၃
၁၁	(၁၁)ကြိမ်	၁၉၈၁	ဖိလစ်ပိုင်	၇	၁၅	၁၉	၂၇	၅
၁၂	(၁၂)ကြိမ်	၁၉၈၃	စင်ကာပူ	၈	၁၈	၁၅	၁၇	၅
၁၃	(၁၃)ကြိမ်	၁၉၈၅	ထိုင်း	၈	၁၂	၁၈	၃၄	၆
၁၄	(၁၄)ကြိမ်	၁၉၈၇	အင်ဒိုနီးရှား	၈	၁၃	၁၅	၂၂	၆
၁၅	(၁၅)ကြိမ်	၁၉၈၉	မလေးရှား	၉	၁၀	၁၄	၂၀	၆
၁၆	(၁၆)ကြိမ်	၁၉၉၁	ဖိလစ်ပိုင်	၉	၁၂	၁၆	၂၉	၆
၁၇	(၁၇)ကြိမ်	၁၉၉၃	စင်ကာပူ	၉	၈	၁၃	၁၆	၇
၁၈	(၁၈)ကြိမ်	၁၉၉၅	ထိုင်း	၁၀	၄	၂၂	၃၇	၇
၁၉	(၁၉)ကြိမ်	၁၉၉၇	အင်ဒိုနီးရှား	၁၀	၈	၃၄	၄၄	၇
၂၀	(၂၀)ကြိမ်	၁၉၉၉	ဘရူနိုင်း	၁၀	၃	၁၀	၁၀	၈
၂၁	(၂၁)ကြိမ်	၂၀၀၁	မလေးရှား	၁၀	၁၉	၁၅	၅၂	၇

အောက်တိုဘာ ၁၅ ရက်က ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးရဲမင်းအောင်တို့ ဦးဆောင်ကာ အလျားပေ ၂၁၀၀၊ အကျယ် ၁၂ ပေရှိ မြို့တွင်း မဟာဗန္ဓုလလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မအူပင်မြို့နယ် ကျွဲခုံးကျေးရွာ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပမည်

မအူပင် အောက်တိုဘာ ၂၇

မအူပင်မြို့နယ် ကျွဲခုံးကျေးရွာ (၁၉)ကြိမ်မြောက်တနင်္လာအသင်းကကြီးမှူးကျင်းပ၍ ဓမ္မာရုံကျောင်းတိုက်ကြီးကျောင်း ကျောင်းတိုက်၊ ကမ္မဋ္ဌာန်းကျောင်းတိုက်တို့တွင် သီတင်းသုံးနေတော်မူသည့် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ဆီ၊ ငွေပဒေသာပင်နှင့် (၁၁)ကြိမ်မြောက်စာအောင်သံဃာတော် တို့အား ကျေးရွာလုံးဆိုင်ရာ ဆွမ်းလောင်းအသင်းများ၊ ဌာနဆိုင်ရာအသင်းများနှင့် မြို့နယ်၊ ကျေးရွာအသီးသီးမှ စေတနာရှင်များစုပေါင်း၍ ဒါတဗ္ဗဝတ္ထု ပစ္စည်းများလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၃ရက် (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အိမ်မဲမြို့ သာယာလှပရေးအတွက် မြို့တွင်းလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ရက်က အနော်ရထာလမ်းမကြီးပေါ်ရှိ လမ်းပေါက်များ ဖာထေးနေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မျက်နှာဖုံးအပ်ပေပါပြင့်

ထွက်ပြီ

ရောင်းဈေး ၂၀/-ကျပ်

☞ နောက်ဆုံးဖြစ်ပျက်ခဲ့သော ကမ္ဘာ့ရေးရာသတင်းများ၊ ပြည်ပဘောလုံးပွဲ၊ ပြည်တွင်း အားကစားပွဲများ၊

☞ ဖတ်စရာမှတ်စရာများ စုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ဆက်သွယ်နိုင်ပါသည် (ကိုယ်စားလှယ်ယူလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ)
မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်။ ဖုန်း-၅၄၄၃၁၃ ၊ ၅၄၄၃၁၇ ၊
(သတင်းစာကိုယ်စားလှယ်များထံတွင် မှာယူပါက အိမ်တိုင်ရာရောက် ပို့ပေးပါသည်။)

ကျိုက်သလ္လံစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

မော်လမြိုင် အောက်တိုဘာ ၂၂

မော်လမြိုင်မြို့ ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပူဇော်ပွဲ၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် အမျိုးသမီး မသိုးသင်္ကန်းရက်ပြိုင်ပွဲများကို နိုဝင်ဘာ၇ရက်မှ ၉ ရက်အထိ သုံးရက်တိုင်တိုင် ရင်ပြင်တော်၌ ကျင်းပမည်ဖြစ်သည်။

တန်ဆောင်တိုင်ပွဲတော်ရက်အတွင်း ဘုရားရင်ပြင်တော်ပေါ်တွင် နိုဝင်ဘာ ၁ ရက်မှ၅ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို လည်းကောင်း၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ ၈ရက်)တွင် လည်းကောင်း ကျင်းပမည် ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသည့်အလှူရှင်များသည် ဖုန်း-၀၅၇ ၂၁၃၃၄၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဟော် ဖုန်း-၀၅၇ ၂၅၆၃၃၊ အတွင်းရေးမှူး ဦးရန်ကင်း ဖုန်း-၀၅၇ ၂၁၅၈၃၊ ဂေါပကရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇ ၂၃၀၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

အောက်တိုဘာ ၆ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်မှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဆိုဒီယမ်မီးလုံးများတပ်ဆင်

မိုးညှင်း အောက်တိုဘာ ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာ အဓိကအချက်အချာ နေရာများ၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစီအစဉ်ဖြင့် မီးလင်းရေးကော်မတီဝင်များနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများ စုပေါင်း၍ ဆိုဒီယမ်မီးလုံးများတပ်ဆင်လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက် ပေးကြသည်။ **(၁၅၂)**

ဖျာပုံ၊ ဘိုကလေး၊မြောင်းမြနှင့် တောင်ကြီးတွင် ကုန်စည်ပြပွဲများ ကျင်းပမည်

HORIZON
Tel : 01-547279, 0980-34294

ဖျာပုံ အောက်တိုဘာ ၂၅

စားသုံးသူပြည်သူများ လက်ဝယ်သို့ ချိုသာသောဈေးနှုန်းဖြင့် တိုက်ရိုက် စစ်မှန်သော လူသုံးကုန်ပစ္စည်းများ ရောက်ရှိနိုင်စေရန်ရည်ရွယ်၍ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်တွင် ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက် အထိ ဘိုကလေးမြို့တွင် လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ မြောင်းမြမြို့တွင်လည်းကောင်း၊ ၃၁-၁-၂၀၀၄ မှ ၄-၂-၂၀၀၄ အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်လည်းကောင်း မြန်မာ့ထုတ်ကုန် အဆင့်မြင့် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို Horizonက စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် အဆင့်မြင့်တိုင်းရင်းဆေးဝါးနှင့် မြန်မာနိုင်ငံလုပ် အနောက်တိုင်း၊ တိုင်းရင်းဆေးဝါးများ၊ အားဖြည့်အချိုရည်များနှင့် စားသောက်ကုန်အမျိုးမျိုး၊ အလှကုန်များ၊ လယ်ယာသုံးဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်ဖိုင်ဘာပစ္စည်းများ၊ ဆပ်ပြာမှုန့်အမျိုးမျိုး၊ ကိုယ်တိုက်ဆပ်ပြာများ၊ ကျောင်းသုံး/ ရုံးသုံးဗလာစာအုပ်များ၊ အဆင့်မြင့် ဒီဇိုင်းသစ်ဖိနပ်များ၊ အထည်အလိပ်များနှင့်ဖက်ရှင်ဒီဇိုင်းဝတ်စုံများကို ကုမ္ပဏီပေါင်း ၆၀ ကျော်တို့က ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဖျော်ဖြေရေးအစီအစဉ်နှင့် သရုပ်ပြရှင်းလင်းပွဲများကို တစ်နေ့နှစ်ကြိမ် တင်ဆက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော ကုမ္ပဏီ လုပ်ငန်းရှင်ကြီးများသည် Horizon ဖုန်း-၀၁ ၅၄၇၂၇၉၊ ၀၉၈၀- ၃၄၂၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းကြီးကျေးရွာအုပ်စု ပါရမီကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်နှင့် ကျပ်၁၀သိန်းကျော်တန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ၂၈ရက်က ကျွန်းကြီးအထက်စုကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အုန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

လက်ပံတန်းမြို့နယ် စပါးဝယ်ယူရေး ကြီးကြပ်မှုကော်မတီ၏ ဆိုင်းဘုတ်တင် ရုံးခန်းဖွင့်ပွဲကို အောက်တိုဘာ၂၆ရက်က (၁)လမ်းရှိ အဆောက်အအုံတွင် ကျင်းပရာ ဗဟိုဆန်စက်လုပ်ငန်းရှင်များ၊ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း၊ ဗဟိုဆန်စပါးကုန်သည်များအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်စပါးဝယ်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလွင်တို့က ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)



အီလက်ထရွန်နစ် စက်ပြုပြင်မှုသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၈

စိတ်ပါဝင်စားသော လူငယ်များအတွက် ဝါရင့်ကျွမ်းကျင် လက်ရွေးစင် အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာတွေ့လက်တွေ့၊ လက်တွေ့အသုံးချလျှပ်စစ်သင်တန်း အီလက်ထရွန်နစ်သင်တန်း (ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို)၊ Programmable Logic Controls (P.L.C)ရေးဆွဲနည်း စာတွေ့လက်တွေ့သင်တန်းသစ်များကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ Elite Engineering Groupအမှတ်၅၁၊မြေညီထပ်၊ ၃၈လမ်း (ကမ်းနားဘလောက်) ရန်ကုန်၊ ဖုန်း-၀၁ ၂၄၂၂၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ

၃၀-၁၀-၂၀၀၃
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (တာချီလိတ်မှ Allure Resort)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ကူနီနန်းနဲ့ ပခန်းမြေ (ဒေါက်တာသက်လွင်)
(၂)မြို့တော်နှစ်မြို့အကြောင်း (မောင်သိန်းလွင်ပြန်ဆိုသည်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (မြေလျှောင်အန္တရာယ် ကာကွယ်ရေး-မောင်ဆုရှင်)
၁၂:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးတန်ဆီပြန်ဟင်းနဲ့ ချဉ်ပေါင်ဟင်းရည်)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတရေးရာဖြေကြားလွှာ
၁၈:၁၅ မျက်မှောက်ရေးရာဆွေးနွေးစရာ (ပြည်သူတို့ တစ်ခဲနက်ထောက်ခံသော ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်)
၁၉:၁၅ ဓာတ်လမ်းပမာနာဆင်စရာ (ရေဆန်ကို မစံထိုက်တယ်)

သရက်အလက (၁)ရွှေရတုသဘင်ပွဲကျင်းပမည်

သရက် အောက်တိုဘာ ၂၀

သရက်မြို့ အလက(၁) (ယခင် ဦးတက်တိုးကျောင်း) ရွှေရတုသဘင် အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၁၅ ရက်တွင် ရွှေရတုအထိမ်းအမှတ်လက်ဆောင်၊ သမိုင်းစာအုပ်၊ ကဗျာစာအုပ်နှင့် လက်ကမ်းစာစောင်များ ထုတ်ဝေမည်ဖြစ်ပြီး ပဒေသာကပွဲနှင့် အားကစားပြိုင်ပွဲများ၊ ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့၍လည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ရွှေရတုသဘင်နှင့် ဆရာပူဇော်ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများကို ဒေါ်တင်တင်ကြွေ (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၆၈ ၂၁၂၇၃၊ ဦးတင်အောင်မြင့် (ကျောင်းသားဟောင်း) ဖုန်း-၀၆၈ ၂၁၁၅၅၊ ဗိုလ်မှူးပန်းအောင်(ငြိမ်း) ဖုန်း-၀၆၈ ၂၁၃၇၁နှင့် ဦးတင်လှိုင်(ကျောင်းသားဟောင်း၊ ရန်ကုန်) ဖုန်း-၀၁ ၇၂၅၂၂၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကွန်ပျူတာစင်တာ ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၈

Asia Tech Computer Centre ကိုအမှတ် ၆၄၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၂၄၈၆၄ နှင့် အမှတ် ၃၆၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း -၂၉၂၇၀၈၊ ၂၉၃၂၂၀ တို့တွင် ဖွင့်လှစ်ထားပြီး ကွန်ပျူတာ၊ ပရင်တာ၊ စကင်နာ၊UPS နှင့် ကွန်ပျူတာ အပိုပစ္စည်းမျိုးစုံ၊ Mother Board၊ Hard Disk၊ Processor(CUP) CD Writer CD Drive၊DVD Drive၊ Memory 3D၊ Graphic Cardတို့ကို ရောင်းချပေးလျက်ရှိသည်။ ကွန်ပျူတာ တစ်လုံးဝယ်ယူသူတိုင်း ကွန်ပျူတာ အသုံးချမှုဆိုင်ရာသင်တန်း အခမဲ့တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ဝယ်ယူသော ကွန်ပျူတာ ချွတ်ယွင်းမှုများအတွက် After Sales Serviceကိုလည်း ဝယ်ယူသူများ စိတ်တိုင်းကျ လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် Asia Tech Computer Training Centre ၌ ကွန်ပျူတာနည်းပညာ အသုံးချမှုဆိုင်ရာ သင်တန်းများကို လစဉ် တန်းခွဲသစ်များဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(က-ပ)**

အောက်တိုဘာ ၂၅ ရက်က ပန်းတနော်မြို့ အရှေ့ပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၃၂၇)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ဦးဟန်ထွန်း-ဒေါ်တင်အုန်းတို့၏သား
မောင်ကျော်စိုးဟန် [B.C °Tech (Hons), MACS°]
Microsoft Certified Systems Engineer
နှင့်
ဦးချစ်ပိုပို-ဒေါက်တာဒေါ်တင်တင်စောတို့၏သမီး
မသီရိပို [B.B.A, Hotel Management°]
(°Assumption University, Bangkok°)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၁၄-၁၀-၂၀၀၃ရက်(အင်္ဂါနေ့)၌ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ မြန်မာသံရုံးတွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီး၍ အဆိုပါ မင်္ဂလာလက်မှတ်ရေးထိုးပွဲ၌ အစစအရာရာ ကူညီဆောင်ရွက်ပေးသော ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် ဖနွမ်းပင်မြို့ Hotel Le Royal (A Raffles International Hotel) တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော သံရုံးမိသားစုများ၊ မြန်မာမိသားစုများ၊ UN° အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် သူငယ်ချင်းများအား ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ကျော်စိုးဟန်-သီရိပို

စေ့စပ်မင်္ဂလာဆုမွန်လွှာ

မောင်သူရအေးမင်း (ခ) ကိုသူ (ခေတ္တ-UK) နှင့် မမိုးမိုးလှိုင် (ခေတ္တ-UK) တို့၏ ၂၆-၁၀-၂၀၀၃ရက်နေ့တွင် ပြုလုပ်သော စေ့စပ်ကြောင်းလမ်း မင်္ဂလာရက်မြတ်မှသည် ပျော်ရွှင် ချမ်းမြေ့သော ဘဝခရီးသို့ အောင်မြင်စွာ လက်တွဲလျှောက်လှမ်းနိုင်ကြပါစေ။

ချစ်သူငယ်ချင်း - **လှိုင်ဆွေမြင့်**
တိုးတိုးမာ

အမည်ပြောင်း

ဟင်္သာတမြို့နေ အဖ ဦးအောင်မြင့်ကျော် ၁၄/ဟသတ (နိုင်) ၀၁၆၇၃၃ ၏သား မောင်ဝေယံကိုကို ၁၄/ဟသတ (နိုင်) ၂၂၁၃၆၇ အား ယနေ့မှစ၍ မောင်ရဲမြင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲမြင့်အောင်

တောင်တွင်းကြီးမြို့ မိုးထိ အမှတ်(၂)အလယ်တန်းကျောင်း ကျောင်းသူ ကျောင်းသားဟောင်းများ၏

ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

တောင်တွင်းကြီးမြို့ မိုးထိ အလက(၂)မှ အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက်ပူဇော်ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါ၍ ကျောင်းသူ ကျောင်းသားဟောင်းများအား ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်- ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၁ နာရီ
ကျင်းပမည့်နေရာ - မိုးထိ အလက(၂) တောင်တွင်းကြီးမြို့

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၂၃

ဦးမျိုးအောင် **(တရားနိုင်)** **နှင့်** ဒေါ်လှချယ် **(တရားရှုံး)**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၉၇/၂၀၀၀အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာကို ထုတ်ပေးလိုက်သည်။

ဒေါ်ပိုက်ပိုက်အေး (တ/၁၅၈၆)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၉၊ မြေကွက်အမှတ် ၉၅၂၊ ဧရိယာ ပေ ၄၀×ပေ ၆၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဗိုလ်စောနောင်လမ်း၊ အမှတ် ၉၅၂ ဟုခေါ်တွင်သော မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

